


# သံသရာမလည်ချင်ပါနဲ့တော့

(မိလက္ခရဟာန်း)

ဟောကြားသည်နေ့

(၁၉-၂-၆၁)

၁၉၁

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသောသစ္စာလေးပါးတရားတော်အမှတ်စဉ်(၄)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးရွာတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# ဃိသာရောမလည် ချင်ပါနဲ့တော့

(မိလက္ခရဟာန်း)
ဟောကြားသည့်နေ့ (၁၉-၂-၆၀)

❋

ဒကာဒကာမတို့ . . . ရခဲတဲ့ ဘဝကြီးကို အလွဲသုံးစား အချိန်တွေနဲ့ဖြုန်းပြီးသကာလ မပစ်လိုက်ကြပါနဲ့ ဆိုတာ ဘုန်းကြီးများ မေတ္တာရှေ့ထားပြီး ပြောကြားပါတယ် (မှန်ပါဘုရား)။

## မရစဖူးအရထူးတဲ့ လူ့ဘဝ

အင်မတန်မရစဖူး အရထူးတဲ့ လူ့ဘဝကြီးကို အလွဲသုံးစားအချိန်တွေနဲ့ တကျာခိုင်းတဲ့ အချိန်တွေနဲ့ ဖြုန်းပြီး

သကာလ မပစ်လိုက်ပါနဲ့ဆိုတာ မေတ္တာရှေ့ထားပြီး ပြော ကြားနေတယ်နော် . . . (မှန်ပါ့)။

လူ့ဘဝ အင်မတန်ရခဲတယ်ဆိုတာ ဒကာဒကာမ တွေ သိပြီသား ဖြစ်ပါလိမ့်မယ်၊ လူ့ပြည်က အပ်တစ်စင်း ဗြဟ္မာ့ပြည်က အပ်တစ်စင်း အသွားချင်း ထိဖွယ်ရာသာရှိ တယ်၊ လူ့ဘဝရဖို့က ဒါ့ထက်ခဲယဉ်းသေးတယ်ဆိုတော့ အတော့်ကိုပဲ အားထုတ်ပြီးသကာလ လူ့ဘဝရ,ရပါလို၏ ဆိုတဲ့ ဒါန, သီလတွေနဲ့တက်ပြီး သကာလ လာခဲ့ကြရတယ် ဆိုတဲ့ ဥစ္စာ နည်းနည်းနောနော တက်ခဲ့ရတယ်လို ဦးခင်မောင် မမှတ်ပါနဲ့နော် . . . (မှန်ပါ့)

## သံသရာမလည်ချင်ပါနဲ့တော့

အဲဒီတော့ အင်မတန်မရစဖူး အရထူးတဲ့ လူ့ဘဝ ကြီးကို တက်လာတာလည်း ဆရာကောင်း, သမားကောင်းနဲ့ တွေ့ဖို့, ဘုရားသာသနာနဲ့ကြုံဖို့, ဟောတတ်တဲ့ဆရာတွေ့ဖို့, သစ္စာတရားတွေ၊ ထောင်တတ်တဲ့နားရှိဖို့ အင်္ဂါတွေက စုံလာ ပြန်တော့ ဩော် . . . လူ့ဘဝရရုံတွင်သာမကသေးဘူး၊ သာသနာတွင်းကြုံ ဆရာသမားတွေနဲ့လဲ အမျိုးမျိုးကြုံ၊ ဤကဲ့သို့ အကြုံကြီးကြုံတဲ့ အထဲမှာဖြင့် ငါတို့ ကျွတ်တမ်း

ဝင်တဲ့ ဘဝဟာ ဒီဘဝပါကလားဆိုတာကို ဆုံးဖြတ်ချက် ချပြီးသကာလ သံသရာမလည်ချင် ပါနဲ့တော့ဆိုတဲ့ ဥစ္စာကို သတိပေးလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)

ခန္ဓာရှိလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ဖြစ်ချင်သလို ဖြစ်လိမ့် ဦးမယ်နော်. . . (မှန်ပါ့) ခန္ဓာရှိလို့ အာသဝေါ မကုန်သေး လို့ရှိရင် ဖြင့် ဖြစ်ချင်သလိုဖြစ် လိမ့်ဦးမယ်ဆိုတာ သဘောကျကြပလား (ကျပါတယ်ဘုရား)။

## ဥပရိမိဖုရား

ဥပရိ မိဖုရားသည် ခန္ဓာရှိပါလျက်နဲ့ နောက်ချေးပိုး ထဲသွားပြီး မိဖုရားဘဝက စုတေပြီးသကာလ နောက်ချေးပိုး ဘဝ ဖြစ်ရတယ်ဆိုတော့ ဒကာ၊ ဒကာမတို့ ဒီအတိုင်းတော့ ယုံနိုင်စရာမရှိဘူး၊ ဖြစ်တာကတော့ဖြင့် အထင်အရှားပဲ ဆိုတာ ပေါ်လာကြပလား. . . (ပေါ်လာပါပြီ) ဘယ် လောက်ကြောက်စရာကောင်းသတုံး . . . (မှန်ပါ့ဘုရား)

အင်မတန် ကြောက်စရာကောင်းတယ်ဆိုတာ မောင်ကိုတို့ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား) အဲဒီ တော့ ကျုပ်တို့ သန္တာန်မှာလဲ တိရစ္ဆာန်ဖြစ်ဖို့ မျိုးစေ့ဟာလဲ ဘယ်ကလုပ်ပါလိမ့်မတုံးလို့ . . . မေးလို့ရှိရင်ဖြင့် ကျုပ်တို့

ဝမ်းထဲမှာရှိတဲ့စိတ်တွေက လုပ်တာပဲနော် . . . (မှန်ပါ့)။

## ကိလေသာကလုပ်တာ

ဩော်. . . ငရဲအိုးတွေဟာ ဘယ်သူကများ သွားတည်ပါလိမ့်မတုံး. . . ငရဲမှာ ငရဲမီးတွေ တဟုန်းဟုန်းတောက်ပြီး ငရဲအိုးတွေက ပွက်ပွက်ဆူပြီးသကာလနေတာ ဘယ်ကများ ဘယ်သူတွေဆောက်လို့ ဘယ်လက်သမားနဲ့ ဘယ်ပန်းရံကများ လုပ်ထားပါလိမ့် မလဲဆိုတော့ ဝမ်းထဲမှာရှိတဲ့ ကိလေသာက လုပ်တယ်လို့သာ အောက်မေ့ပါ. . . (မှန်ပါ့ဘုရား)။

ဘယ်ကလုပ်သတုံး. . . (ဝမ်းထဲမှာရှိတဲ့ ကိလေသာက လုပ်ပါတယ်ဘုရား) ဝမ်းထဲရှိတဲ့ ကိလေသာက လုပ်တာပဲနော်. . . (မှန်ပါ့) ကောင်းပြီ. . ဒါဖြင့် တိရစ္ဆာန်ဘုံကြီးမှာ တိရစ္ဆာန်တွေဟာ အမျိုးစုံပဲ များပြားလှတယ် အဲဒီတိရစ္ဆာန်မျိုးစုံကို ဘယ်သူတွေက ဖန်ဆင်းပြီး ဘယ်သူက လုပ်ပါလိမ့်မလဲလို့ လက်သည်ရှာပြန်လဲ ဘာတွေ့ကြသလဲ. . . (ဝမ်းထဲက ကိလေသာပါပဲ ဘုရား)။

ဝမ်းထဲက ကိလေသာပဲ လုပ်တယ်ဆိုလို့ရှိရင်ဖြင့် မှားနိုင်ပါ့မလား . . . (မမှားနိုင်ပါဘုရား)။

ဩော်. . . ဒါဖြင့် ကိလေသာ ဒဏ်ချက်သည် အတော်ပြန်းထန်ပါကလားဆိုတာ မပေါ်လာသေးဘူးလား (ပေါ်လာပါ တယ်ဘုရား)။

## ကိုယ်လုပ်ထားလို့ ကိုယ်ဖျက်ရင်ဖြစ်တယ်

အဲဒါကြောင့် ကိလေသာဒဏ်ချက် အင်မတန်ပြင်း ထန်သောကြောင့် ဒကာ၊ ဒကာမတို့ ကိုယ်လုပ်ထားလို့ ကိုယ်ဖျက်ရင်လဲ ဖြစ်ပါတယ်ဆိုတာ ဘုန်းကြီးက လေးစား စွာနဲ့ သတိပေးလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဝမ်းထဲက ဟဒယဝတ္ထု မနေသအကြည်ပေါ်က, ပေါ်တဲ့ အကုသိုလ်ဇောတွေက ငရဲဘုံကြီးလဲ သူတည် ထောင်လိုက်တယ်၊ တိရစ္ဆာန်ဘုံကြီးကော (သူတည်ထောင် ပါတယ်ဘုရား) ပြိတ္တာဘုံကြီးကော. . . (တည်ထောင်ပါ တယ်ဘုရား)။

ဩော်. . . ဘယ်သူကများ တည်ထောင်ပါလိမ့် မလဲ. . . (ဝမ်းထဲက ကိလေသာကပါဘုရား) ဝမ်းထဲက ကိလေသာတွေက ဟဒယဝတ္ထုပေါ်မှာ ပေါ်တဲ့ကိလေသာ တွေက တည်ထောင်တယ်ဆိုတာ ဒကာ၊ ဒကာမတို့ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## ကိုယ်လုပ်ထားတဲ့ငရဲမီးတွေ ကိုယ်တိုင်ငြိမ်း

ကောင်းပြီး၊ ဒါဖြင့်လက်သည်ဖြင့် ပေါ်ပါပေါ့၊ ကိုယ်လုပ်ထားတဲ့ ငရဲအိုး, ငရဲမီးတွေကိုယ်, ကိုယ်တိုင်ငြိမ်း ရမယ်၊ မသေခင် ငြိမ်းလို့များရမလား, မရဘူးလားဆိုတာလဲ အကဲခတ်ကြည့်ကြစမ်း (ရပါတယ်ဘုရား)။

ဩော်. . . ရတယ်၊ ဒကာဒကာမတွေ မသိမလိမ္မာ တုန်းကမိုက်ပြီးသကာလ ထားတဲ့ငရဲသွားကြောင်း, မြိတ္တာ ဖြစ်ကြောင်း သုံးဆယ့်တစ်ဘုံလည်ကြောင်းတွေ လုပ်ထား ငြားသော်လဲ ဒီကနေပြီး သကာလ ဝမ်းထဲကနေပြီး လုပ် တော့ ဘုရားကရော ဘုန်းကြီးများကရော အားလုံးသော ပုဂ္ဂိုလ်တို့က သူတော်ကောင်းတွေက ဟာ. . ဒီကနေ ဖျက်ရ တယ်ဆိုတာကော ယုံကြည်ကြပြီ. . . (ယုံကြည်ပါပြီ ဘုရား)။

ကိုင်း. . . တကာတကာမတို့ ဘုန်းကြီးတို့မှာ မီးပေး ထားတာက ဥပမာ ဒိုင်နမိုကြီးက လည်တယ်၊ မီးတွေရနေ တာ ဒိုင်နမိုကြောင့် မီးငြိမ်းချင်တော့လဲ ဒိုင်နမိုရပ်လိုက်ရင် မပြီးဘူးလား. . . (ပြီးပါတယ်ဘုရား)။

ဒီလိုပါပဲ ဒကာဒကာမတို့ ဝမ်းထဲက ကိလေသာ ဒိုင်နမိုကို ရပ်စဲလိုက်သို့ရှိရင်လဲ ခင်ဗျားတို့ရှေ့က ခင်ဗျားတို့

လာရင် အဆင်သင့်ဖြစ်ဖို့ ငရဲအိုးတို့, ငရဲမီးလျှံတို့ တဟုန်းဟုန်းတောက်နေတာတွေ ဒါတွေ ဒီကနေပြီးသကာလ ကိုင်းငြိမ်းပါတော့မယ်ဆိုလို့ ရှိရင်လဲ ရနိုင်ပါသေးတယ်နော် (မှန်ပါ့ဘုရား)။

မသေသေးတဲ့ အချိန်ကိုးဗျ. . . (မှန်ပါ့) အချိန်ကလေး ကျန်ပြီးသကာလ နေသေးတဲ့အတွက် ဘုန်းကြီးတို့ ဒကာဒကာမ တွေ အမျိုးမျိုးသူတော်ကောင်း တရားတွေနဲ့ တွေ့ကြရတော့ ဘုန်းကြီးများက ဩော်. . . တော်သေးတယ်၊ မသေနှင့်ကြသေးဘူး၊ လုပ်ထားတဲ့ အကုသိုလ်ကတော့ဖြင့် သားရေး,သမီးရေး, စီးပွားရေးနဲ့ လုပ်ထားတာတွေကတော့ နည်းတဲ့အကုသိုလ်တွေ ဆိုကြမလား (မဆိုကြပါဘုရား) အင်မတန်များတယ်လို့ဆိုတာ ဒကာသစ်တို့ ကိုမြရွှေတို့ သဘောကျပလား. . . (ကျပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်နဲ့ကြည့်မှ အင်မတန်များကြောင်း ထင်ရှားတယ်ဆိုတာ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား) အို. . . ဒါတွေက ဘယ်နေရာငြိမ်းရမတုံးဆိုတော့ အို. . . ဘယ်က လာသတုံး၊ လာ နေတဲ့နေရာကငြိမ်းပြီးတာပဲ (မှန်ပါ့ဘုရား)။

ဝမ်းထဲက ဟာဒယဝတ္ထုပေါ်က အကုသိုလ်ဇော

တွေက လာတယ်၊ ဒီအကုသိုလ်ဇောတွေကို ဘုန်းကြီးတို့က ချွန်မက်ဇော တွေနဲ့ ဖြတ်လိုက်ပြန်လို့ရှိရင်လဲ မောင်ထွန်းလှိုင်, မောင်ကိုတို့ မဖြတ်ဘူးလား. . . ပြတ်မလား. . . (ပြတ်ပါမယ်ဘုရား)။

ဒါဖြင့် ကိုယ့်အမြင်ကို ကိုယ်ရလိုက်လို့ ရှိရင်လဲ ခုနင်ကမီးတွေ ငြိမ်းသလိုပေါ့ဗျာ. . . (မှန်ပါ့)-အဲဒါကြောင့် ငရဲကို ကိုယ်တိုင်သွားရမှာ သိပြီးသား၊ ငရဲကို ကိုယ်တိုင်မြင်ပြီးသားတောင်မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်က တားနိုင်တယ် ဆိုတာ သေသေချာချာမှတ်ပါ. (မှန်လှပါ)။

## မိလက္ခရဟာန်း

ကိုယ်တိုင်မြင်ပြီးသားနော်. . . (မှန်ပါ့) ငရဲကို တစ်ခါတည်းပြ, ပြလိုက်လို့ကိုယ်တိုင်မြင်၊ ကိုယ်တိုင်ကို ကိုယ့်ဆွေမျိုးတွေနဲ့တကွ အမျိုးမျိုးသော ငရဲသားတွေမြင်ရ အဲဒါတောင်မှ မဂ်တရား, ဖိုလ်တရားရအောင် ကြိုးစား လိုက်တဲ့အခါကျတော့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ရပ်စဲ သွားတယ်ဆိုတာ ဘုန်းကြီးခဏ,ခဏ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

အေး. . . ဒါကြောင့် မိလက္ခလမ်းတို့ကို နည်းနည်း

ကလေး ဒကာဒကာမတွေ ထောက်ကြည့်ပါနော်. . . (မှန်ပါ့) မိလက္ခရဟန်းဆိုတာ ရဟန်းမဖြစ်ခင်က ဒကာဒကာမတွေ တောထဲမုဆိုးကြီး လုပ်စားနေတယ်ဆိုတာ မှတ်လိုက်စမ်းပါဦးနော် (မှန်ပါ့)။

## လူ့အာဇာကမုဆိုးကြီး

အဲဒီမုဆိုးကြီး လုပ်စားပြီးသကာလနေတော့ မုဆိုးသက်ကရှည်တော့ လူစင်စစ်ကပဲ ဒကာဒကာမတွေ ပြိတ္တာဖြစ်တဲ့ဘုံ ရောက်သွားတယ်. . . (မှန်ပါ့)။

လူစင်စစ် စုတေစိတ်မကျခင်က ပြိတ္တာဖြစ်တဲ့ဘုံ ရောက်သွားတော့ သူသည် တောထဲမှာ သားကောင်တွေ ပစ်စားပြီး ရေဆာတာနဲ့ ရဟန္တာတစ်ပါးရှိတဲ့ ကျောင်းကို သွားလိုက်ပါတယ်. . . (မှန်ပါ့) ရဟန္တာမထေရ်က မနက်စောစောကြီး ရေတွေခပ်ထားတာပေါ့၊

သူကလဲ ရေဆာတာနဲ့ သားကောင်ကင်စားပြီး ရေဆာတာနဲ့ ရဟန္တာကျောင်းကိုသွားပြီး ရေသောက်မလို့ ရေအိုးနားက ရှိတဲ့ရေခွက်နဲ့ နှိုက်လိုက်တဲ့အခါ ရေအိုးက ရေမရှိဘဲနဲ့ ချောင်းချောင်း, ချောင်းချောင်း မြည်နေတယ်

ဆိုတော့ ဦးခင်မောင်တို့ ရဟန္တာက မနက်အစောကြီး ခပ်ထားတယ် (မှန်ပါ့) ရေကသူသွားခပ်တဲ့အခါ ပျောက်နေပြီ (မှန်လှပါဘုရား)။

ဒကာဒကာမတို့ သူသွားခပ်တဲ့အခ်ိန်တော့ ဘယ့်နှယ်ဖြစ်နေသတုံး. . . (ရေပျောက်နေပါတယ်ဘုရား)။

ဟ. . . ရဟန္တာက မနက်အစောကြီးက ခပ်ထားတာပါကလား။ ဒကာဒကာမတွေက ဘယ့်နှယ်ကြောင့် ဖျောက်ပါလိမ့်မတုံးဆိုတော့ ဝမ်းထဲက ကိလေသာတွေက ဖျောက်ထားတာလို့ ဆိုကြစို့ရဲ့ (မှန်ပါ့) ဘယ်နှယ့်ဆိုကြမလဲ. . .(ဝမ်းထဲက ကိလေသာတွေက ဖျောက်ထားပါတယ်ဘုရား) ကိလေသာတွေကြောင့် ပျောက်ကုန်ပြီ။

## လူစင် စစ်က ပြိတ္တာဖြစ်နေပြီ

ဒကာ၊ ဒကာမတို့ လူစင်စစ်ကဘဲ ရေအိုးကြီးတွေရာ သူသွားခပ်တဲ့ အခါ ချောင်းချောင်း, ချောင်းချောင်းနဲ့ အိုးသံသာထွက်တယ်၊ ရေကမပါလာတော့ဘူး. . . (မှန်ပါ့ဘုရား) ဒကာ ဒကာမတို့ လူစင်စစ်က ပြိတ္တာဖြစ်နေတယ်ဆိုတဲ့ဥစ္စာ ရှင်းကြပလား. . . (ရှင်းပါပြီးဘုရား)။

ဟာ. . . ဒါဘယ်သူက ရေအိုး ရေကုန်အောင်လုပ်ပါလိမ့်မတုံးဆိုတော့ ဝမ်းထဲရှိတဲ့ ကိလေသာက လုပ်

လိုက်တာ. . . (မှန်ပါ့) မိုက်တဲ့ကိလေသာတွေက လုပ်လိုက်တယ်ဆိုတာ မရှင်းသေး ဘူး လား. . . (ရှင်းပါပြီဘုရား)။

## ရေအိုးထဲမှာရေအပြည့်ရှိတယ်

ဒါနဲ့ရေခပ်လို့မရတာနဲ့ သူက ညည်းလုံးထုတ်တယ်တဲ့ ဦးခင်မောင်ရေနော်(မှန်လှပါ) ဩော်. . . ရဟန်းများမှာ ရွာထဲဆွမ်းခံစား မြို့ထဲဆွမ်းခံစားပြီး ကိုယ့်ကျောင်းသေနာသန ဝတ်ဆိုတဲ့ ရေကလေးမှ ပြည့်အောင်ခပ်မထားဘူးဆိုပြီး သူကညည်းလုံးထုတ်လိုက်တော့ ရဟန္တာက ဘေးနားမှ သက်နှ်ိးချုပ်နေတာနဲ့ ဒီလူ ဘယ့်နှယ်လူပါလိမ့်မတုံး ငါသည်ကားလို့ဆိုရင် မနက်ကပဲ ရေအိုးတွေ အပြည့်ခပ်ထားတယ်၊ အခုရေမရှိဘူးလို့ ပြောတယ်ဆိုပြီး ငါသွားကြည့်ဦးမယ် ငါ့ရေအိုးက ပေါက်လေသလား အစိမ့်သန်လို့လေလား. . . ဆိုပြီး သွားကြည့်တဲ့အခါ ဒကာသစ်တို့၊ ကိုမြရွှေတို့၊ ဦးဖံရင်တို့ ရေအိုးထဲ ရေအပြည့်ပဲ. . . (မှန်လှပါဘုရား)။

ဘယ့်နှယ်ဖြစ်သွားသလဲ (ရေတွေခန်းခြောက်နေပါတယ်) ဒကာဒကာမတွေ ဉစ္စာရှင် သွားကြည့်တော့ ဘယ့်နှယ်ဖြစ်နေသတုံး (ရေတွေ အပြည့်ပါဘုရား)။

## မုဆိုးလုပ်ထားတဲ့ အကုသိုလ်တွေ

ခုနင်က သူ မုဆိုးလုပ်ထားတဲ့ အကုသိုလ်တွေကြောင့် ရေကိုပျောက်နေတယ်. . . (မှန်ပါ့) ကိလေသာသတ္တိ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ကိလေသာသတ္တိဆိုတာ ဒကာ၊ ဒကာမတို့ မသေခင် ပေးသေးတယ်ဆိုတော့ သေလို့ရှိရင် သူ့မှာ ဆိုဖွယ်ရာရှိရဲ့လား (မရှိပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာလဲ ငယ်ရွယ်စဉ်အခါတုန်းက မသိခဲ့ကြတော့ လုပ်ချင်သလိုလုပ်တဲ့ လောဘ, ဒေါသ, မောဟအလုပ်တွေက မရှိကြဘူးလား (ရှိပါတယ် ဘုရား)။

## ရဟန္တာစပ်ပေးမှ သောက်ရတယ်

အဲဒီ ကံတွေကိုလဲ ဒကာဒကာမတို့ အခုအသိဉာဏ်နဲ့ ဖျောက်ကြလို့ရှိရင် ရပါသေးတယ်၊ အချိန်ရှိပါသေးတယ်ဆိုတာ ဘုန်းကြီးက ဒါပြောလိုလို့ ဒီဝတ္ထုထုတ်လာပါတယ် (မှန်ပါ့ဘုရား) သဘောပါကြရဲ့လား (ပါ,ပါတယ်ဘုရား)။

ဒါနဲ့ ရဟန္တာက ဟော့. . . ဒကာလာလာ, လာလာ

ခုနင်က ရေရှာမတွေ့တဲ့မုဆိုးကို ခေါ်လိုက်တယ်၊ ဒါနဲ့ ရဟန္တာက ရေခွက်နဲ့ ရေခပ်ပြီးသကာလ ပေးလိုက်တော့ ဒကာသစ် ရေသောက်ရရှာတယ်နော်. . . (မှန်ပါ့ဘုရား)။

**မဒေသခင်ကအကျိုးပေးနေပြီ**

အဲဒီတွင်မှ သူ့အကုသိုလ်ကံဟာ ဪ. . . မသေခင်ဘဲ အကျိုးပေးနေပါပေါ့လား- ငါသည်ကားလို့ဆိုရင် မဒေသခင်က လူပြိတ္တာ ဖြစ်နေပါပေါ့လားလို့ သူ့ဟာသူ သံဝေဂရတယ်. . . (မှန်ပါ့ဘုရား)။

သူ့ဟာသူ သံဝေဂရပြီးသကာလ အရှင်ဘုရား တပည့်တော်အဖြစ် တယ်ဆိုးပါကလားဘုရား အရှင်ဘုရား ခပ်ပေးတော့ ရေသောက်ရတယ်၊ တပည့်တော်ကိုယ်တိုင် ခပ်တဲ့အခါရေအိုးက ဂျွမ်းဂျွမ်း, ဂျွမ်းဂျွမ်းမြည်ပြီး သကာလ ရေမရှိတဲ့အသံ ထွက်နေတယ်၊ ရေကိုမရှိပါဘူး၊ တပည့်တော်အပြစ်ဟာ အင်မတန် လေးနေပါပေါ့ကလားဆိုတဲ့ ဥစ္စာ မောင်ကို . . . သူ့ဟာသူရိပ်မိတယ်. . . (ရိပ်မိပါတယ်ဘုရား)။

သူ့ဟာသူရိပ်မိတော့ အရှင်ဘုရား ဒါပိတ်ပင်ဆီးတားနိုင်တဲ့ တရားထူးတရားမြတ်များ ရှိပါရဲ့လားဟဲ့၊

ဟာ. . . ဒကာရှိတာပေါ့၊ ဒကာဒကာမတွေ ရှိတယ်လို့ တာဝန်ခံသလား၊ မရှိဘူးတာဝန်ခံသလား (ရှိတယ်လို့ တာဝန်ခံပါတယ်ဘုရား)။

အဲ. . . ဒီမှာလဲ ဒကာဒကာမတို့ ကိုယ့်သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ လုပ်လာတဲ့ အကုသိုလ်တွေက ပဋိစ္စသမုပ္ပါဒ်နဲ့ ပြလိုက်တဲ့အခါကျတော့ ဦးခင်မောင်. . . မျက်လုံးတစ်ခါဖွင့်လိုက်ရင် တဏှာ၊ ဥပါဒါန်၊ ကံ၊ နားတစ်ခါ နားထောင်လိုက်လို့ရှိရင် တဏှာ၊ ဥပါဒါန်၊ ကံစုထားလိုက်တာတွေ နည်းသလားဗျ (မနည်းပါဘုရား)။

အဲဒါတွေ ရှိပြီးသားဖြစ်နေတော့ ကျုပ်တို့လဲ **ခုနင်** ကလို ရေသာမပျောက်**သေးတာပဲ၊ အကုသိုလ်ကံကတော့** ရှိတယ်ဆိုတာ အားလုံး **တရားတစ်ပွဲလုံး ယုံကြည်ကြပလား** . . . (ယုံကြည်ပါတယ် ဘုရား)။

## ကယ်မည့်တရားရှိရင် အားထုတ်ချင်ပါတယ်

အေး. . . ယုံကြည်ကြပါတော့ ယုံကြည်ကြပါတော့ ဒါနဲ့ သူရဟန္တာကို သွားလျှောက်တယ်၊ အရှင်ဘုရား. . . တပည့်တော် အကုသိုလ်တွေ သိပ်အပြစ်ကြီးတယ်ဘုရား၊ လူစင်စစ်က ရေအိုး ရေအပြည့် ရေတွေပျောက်ရပါတယ်

ဆိုရင်တော့ အင်မတန် ဆိုးဝါးပါတယ်ဘုရား . . . တပည့်တော်ကယ်မည့်ယူမည့် တရားကလေး ရှိရင်ဖြင့် တပည့်တော် အားထုတ်ချင်ပါတယ် ဆိုပြီးသကာလ ပြောတယ်။

## သက်န်းဝတ်မလား

ဒါဖြင့် မင်း. . . သင်္ကန်းဝတ်မလားလို့ ရဟန္တာက မေးလိုက်တယ်၊ ဝတ်ပါ့မယ်ဘုရား. . . ဆိုတော့ ဝတ်ပြီး သကာလ တရားအားထုတ်ခိုင်းလိုက်တယ်၊ မောင်ထွန်းလှိုင်တို့, မောင်ကိုတို့နော်. . . (မှန်ပါ့)။

တရားအားထုတ်ခိုင်းလိုက်တဲ့ အခါမှာ သူက ဒကာ ဒကာမတို့ တရားတွေမပေါ်လာဘဲနဲ့ ခန္ဓာကိုယ်က အနိစ္စ အချက်တွေ မပေါ်လာဘူး ဒုက္ခသစ္စာတွေ မပေါ်လာဘဲနဲ့ ကုက္ကုစ္စတွေ ပေါ်လာတယ်. . .(မှန်ပါ့)။

ကုက္ကုစ္စဆိုတာ ပြုအပ်ပြီးသော ဒုစရိုက်မကောင်းတဲ့ တရားတွေ တွေးမိတယ်နော် . . . (မှန်ပါ့) မပြုလိုက်ရသေးတဲ့ သုစရိုက်တရားတွေ ငါ့မှာ အကုသိုလ်တွေတော့လုပ်ပြီး ကုသိုလ်ကတော့ ငါ့မှာ မရှိသေးပါကလား. . . ဟာ၊ ဒီနှစ်ချက်ပဲ မောင်ထွန်းလှိုင်တို့, မောင်ကိုတို့ လာနေတယ်. . . (မှန်ပါ့)။

တရားဖြစ်ပျက်တွေ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက် ဒုက္ခသစ္စာ အချက်အလက်တွေမြင်ပါရဲ့လား (မမြင်ပါဘုရား) အဲ. . . သူ့စိတ်ကသူ့ကို နှိပ်စက်နေပြီ. . . (မှန်ပါ)။

ဒကာ၊ ဒကာမတို့ ဘယ်သူက နှိပ်စက်ပါလိမ့်. . . (သူ့စိတ်က သူ့နှိပ်စက်ပါတယ်အဲဒါ၊ ကုက္ကုစ္စလို့ ခေါ်တယ် နော်. . . (မှန်ပါ) ဒကာ၊ ဒကာမတို့ ဘာခေါ်ပါလိမ့်. . . (ကုက္ကုစ္စခေါ်ပါတယ်ဘုရား)။

## ကုက္ကုစ္စဆိုတာ

ကုက္ကုစ္စဆိုတာ ပြုပြီးသား မကောင်းမှုတွေ တွေးတယ်၊ မပြုရသေးတဲ့ ကုသိုလ်တွေကိုလဲ မပြုရသေးလို့ ခက်သေးဆိုတဲ့ အသွားတွေ လာနေတယ်. . . (မှန်ပါ) မောင်ကို. . . ဘယ်နှစ်ချက်ပါလိမ့်. . . (နှစ်ချက်ပါဘုရား)။

ပြုအပ်ပြီးသော ဒုစရိုက်ကိုလဲ ပြုအပ်ပြီးလို့ မှားလေခြင်း. . . (မှန်ပါ) မပြုရသေးတဲ့ ကုသိုလ်မွေတွေကိုလဲ မပြုရသေးလို့ ခက်လေခြင်း. . . (မှန်ပါ) ကုက္ကုစ္စဖြစ်တယ်နော် (မှန်ပါ)။

ကုဋ္ဌာန္တစ္စဘယ်နှစ်ချက်ပါလိမ့်။ ဒကာ၊ ဒကာမတို့ (နှစ်ချက်ပါဘုရား) နှစ်ချက်နော်. . . ပြုပြီးသား ဒုစရိုက်တွေအတွက်လဲ သူ့မှာ ဩော်. . . ငါမသိလို့ လုပ်ခဲ့တာတွေဟာ တယ်ဆိုးပါကလား . . . ဆိုပြီး ကုဋ္ဌာန္တစ္စတစ်ချက်ဖြစ်လိုက်တယ်. . . (မှန်ပါ) ကုသိုလ် တရားတွေ့တော့လဲ ငါ့မှာဖြင့် အားမထုတ်ရသေးလို့ ခက်သေးတယ်ဆိုတဲ့ ကုဋ္ဌာန္တစ္စကလဲ မဖြစ်လားဗျာ. . . (ဖြစ်ပါတယ်ဘုရား)။

အဲဒီကုဋ္ဌာန္တစ္စတွေ ဖြစ်ပြီးသကာလနေတော့ နှစ်ရက်၊ သုံးရက်တိုင်တိုင် တရားအားထုတ်လိုက်တာ ဦးခင်မောင်တို့. . . ဖြစ်ပျက်ဆိုတဲ့ ခန္ဓာ၏ဝေဒနာဖြစ်ပျက်, စိတ်ဖြစ်ပျက်, ရုပ်ဖြစ်ပျက်ဆိုတဲ့ အနိစ္စာဝတသင်္ခါရာ အချက်အလက်တွေ ပေါ်ကိုမပေါ်လာဘူး. . . (မှန်ပါဘုရား)။

ဘာနှိပ်စက်နေသလဲ. . . (ကုဋ္ဌာစ္စ နှိပ်စက်နေပါတယ်) သေသေချာချာမှတ်ပါ ဒကာ၊ ဒကာမတို့ ဘာ,နှိပ်စက်နေသလဲ. . . (ကုဋ္ဌာန္တစ္စ နှိပ်စက်နေပါတယ်ဘုရား)။ အကုသိုလ်တွေ အောက်မေ့တယ်။

## အကုသိုလ်တွေအောက်မေ့တယ်

ကုဏ္ဍလစ္စဆိုတာ သုံးခါစေ့အောင် ပြောပါတယ် ဒကာ၊ ဒကာမတို့ ပြုပြီးသား အကုသိုလ်တွေ ပြန်အောက်မေ့နေတယ်၊ ငါမှားလို့ပြုတာတွေ ဒါလဲ ကုဏ္ဍလစ္စပဲ. . . (မှန်ပါ့ဘုရား) မပြုရသေးတဲ့ ကုသိုလ်ဓမ္မတွေလဲ ငါ့မှာ မပြုလိုက်ရလေခြင်း. . . ဆိုတာကော. . . (ကုဏ္ဍလစ္စပါဘုရား)။

ဒါဖြင့် ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်ရသေးသော သုစရိုက်တွေကို အဖန်တလဲလဲ ပူပန်နေတာ ကုဏ္ဍလစ္စလို့မှတ်လိုက်စမ်းပါနော်. . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီ) အဲဒီ ကုဏ္ဍလစ္စက နှိပ်စက်ပြီးသကာလနေတော့ ဩော်-ဒီရဟန်းကိုယ်တော်ကြီးကလဲ ငါ့ကို သနားလို့ သင်္ကန်းပေးပြီး သင်္ကန်းဝတ်ရတယ်၊ တရားလဲပေးပြီ၊ ငါကလဲ တရားလဲ မထင်လာ၊ ငါလုပ်တဲ့ အလုပ်တွေပဲ ငါကပြန်တွေး ပုတီးစိပ်နေတာကိုး၊ ငါတော့ဖြင့် ကျွတ်လမ်း, လွတ်လမ်းတော့ မရှိပါဘူးဆိုပြီး သူ့ဟာသူ အင်မတန်ဝမ်းနည်းတာနဲ့ အရှင်ဘုရား. . . ဖြစ်ချင်သလို ဖြစ်ပါတော့ တပည့်တော် လူထွက်ချင်ပြီ. . . (မှန်ပါ့)။

## လူထွက်ချင်တယ်

ဒကာ၊ ဒကာမတို့ ဘာဖြစ်သွားသတုံး (လူထွက်ချင်သွားပါတယ်ဘုရား) လူထွက်ချင်တဲ့စိတ် ဖြစ်တယ်၊ တရားမှ အားထုတ်လို့မရဘဲကိုးနော်. . . (မှန်ပါ့) တရားမှ အားထုတ်လို့မရတော့ လူထွက်ချင်တဲ့စိတ် ဖြစ်လာတယ်ဆိုတာကော ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ. . ဒါနဲ့ ရဟန္တာကတော့ ရိပ်မိတယ်။ မင်း. . လူထွက်ချင်လို့ရှိရင် မထွက်နဲ့ကွ ဆိုပြီးသကာလ လှည်းနှစ်စီးတိုက် သုံးစီးတိုက်လောက်ရှိတဲ့ သဖန်းသားဆိုတာ ဒကာ၊ ဒကာမတွေ အစေးထွက်တဲ့ အသားဆိုတာ မြင်ဖူးကြပါလိမ့်မယ်နော်(မှန်ပါ့)။

## သဖန်းသားအစိုင်တွေ မီးရှို့စိုင်းတယ်

အဲဒီ သဖန်းသား လှည်းနှစ်စီးတိုက် သုံးစီးတိုက်ပုံပြီး သကာလ သူ့ကို မီးစကလေးပေးပြီးသကာလ ကိုင်း. . . မထွက်ခင် ဒါကလေး မီးလောင်အောင် ရှို့စမ်းကွာ။

အစေးထွက်နေတဲ့ သဖန်းသားအစိုတွေ ဘယ့်နှယ်တုံး . . . မောင်ကိုတို့ ဘာနဲ့ရှို့ရှို့ မီးလောင်ဖို့ အတော်ခဲယဉ်းတယ် (ခဲယဉ်းပါတယ်ဘုရား) တောက်ပမလား. . .

(မတောက်ပါဘုရား) မတောက်နိုင်ဘူးဆိုတာ ရဟန္တာကလဲ သိတယ်. . . (မှန်ပါ့)။

ဒါနဲ့ပဲ ဒကာ၊ ဒကာမတို့ ဒီဥစ္စာ အလုပ်တရား ဖြောင့်နိုင်တယ်ဆိုတာကို သတိထားပြီး နားထောင်ပါနော် (မှန်လှပါ) အလုပ်တရားက ဒါလောက်ပုဂ္ဂိုလ် ကယ်နိုင်တယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ထင်ရှားအောင်လို့ အင်္ဂုတ္တိုရ် အဋ္ဌကထာမှာ လာတာကို ပြောနေတယ်လို့ မှတ်လိုက်စမ်း ပါနော်. . . (မှန်လှပါဘုရား)။

အဲဒါနဲ့ သဖန်းသားလှည်းသုံးစီးတိုက် အစေးတွေ ထွက် အစိုတွေဖြစ်နေတာကို မောင်ထွန်းလှိုင်တို့, မောင်ကိုတို့ မီးခတ် မီးခြစ်တွေနဲ့ရှို့လို့ လောင်နိုင်စရာမြင်ရဲ့လား. . . (မမြင်ပါ ဘုရား)။

## ငရဲအိုးတွေ၊ ငရဲမီးရုပ်တွေပြတယ်

ဒါနဲ့ သူ ရဟန္တာ သွားလျှောက်တယ်၊ အရှင်ဘုရား . . . မီးရှို့လို့ မလောင်ဘူးဘုရား၊ ဒီအစိုတွေက သိပ်ခက် တယ်။

အေး. . . ဧအေး. . . မလောင် ဘူးဆိုလို့ရှိရင် ခဏနေဦးကွာ. . . ငါလာခဲ့မယ်ဆိုပြီး လာပြီး ဒီရဟန္တာက

မြေနှစ်ခြမ်းခွဲပြီး သကာလ အောက်မှာ ငရဲအိုးတွေ, ငရဲထိန်းတွေ, ငရဲခံပုံတွေကိုပါ သူမြင်အောင် အဘိဉာဏ် နဲ့ ပြလိုက်ပါတယ်နော်. . . (မှန်ပါ့ ဘုရား)။

ပြလိုက်တော့ အင်မတန် ကြောက်စရာကောင်းတယ်. . . (မှန်ပါ့) ငရဲဆိုတာ တယ်ကြောက်စရာကောင်းတဲ့ အလုပ်ကြီးတစ်ခုပါကလား။

ဒါနဲ့ သူ့ရှေ့တွင်ပဲ မောင်ကိုတို့, မောင်ထွန်းလှိုင်တို့ ငရဲမီးကလေး ပိုးစုန်းကြူးကောင်ကလေးလောက် ရဟန္တာက သူ့ရှေ့တွင် သွားယူလိုက်တယ်၊ လက်ညှိုးနဲ့ လက်မနဲ့ညှပ်ပြီး သွားယူလိုက်တယ် . . . (မှန်ပါ့)။

## ငရဲမီးယူပြီး ရှို့ပြတယ်

ယူပြီးတစ်ခါ ကြည့်ကြည့်ပြီးသကာလ ပြလိုက်တယ်၊ ဒီ အခုနင်က လှည်းသုံးစီးတိုက်လောက်ရှိတဲ့ အစေးထွက် အစိုတွေဖြစ်နေတဲ့ သဖန်းသားပုံကြီးထဲ ထည့်လိုက်တာ ကျသည်နဲ့တစ်ပြိုင်နက် အကုန်ပြာဖြစ်သွားတယ် (မှန်ပါ့) ငရဲမီးကလေး ပိုးစုန်းကြူး လောက်ကျလိုက်တာ အကုန်ပြာဖြစ်သွားတယ် (မှန်ပါ့ဘုရား)။

ဒကာ၊ ဒကာမတို့ ငရဲခါးစည်းခံလို့ ဖြစ်ပါ့မလား

. . . (မဖြစ်ပါဘုရား) အင်မတန် ပြင်းထန်တယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

**ခါးစည်းခံမယ်လို့ မကြွားလိုက်ပါနဲ့**

အဲဒါ ခင်ဗျားတို့ကတော့ ခပ်ပေ့ါပေ့ါကလေး သုံးပြီး၊ အို. . . ကျုပ်တို့ကတော့ မတတ်နိုင်ဘူး၊ သားရေး, သမီးရေး, စီးပွားရေးတော့ မကျွေးလဲ မနေနိုင်ဘူး၊ မလုပ်လဲ မနေနိုင်ပါဘူး၊ ရရာရကြောင်းတော့ဖြင့် မရှောင်နိုင်ဘူး၊ ထိုက်တန်သလောက်တော့ ကြိုးစားရမှာပဲ ငရဲရောက်လဲ ခါးစည်းခံရုံပဲ ဒီလိုတော့ မကြွားလိုက်ပါနဲ့. . . (မှန်ပါ့ဘုရား)။

ခါးစည်းကြိုးလဲပေးမည့်လူ ရှိမယ်မဟုတ်ပါဘူး (မှန်ပါ့) ငရဲမှာ ခင် ဗျားတို့ ခါးစည်းကြိုးပေးမည့်သူ ဘယ်သူကပေးမတုံး . . . (မရှိပါ) မိတ်ဆွေများ ရှိသေးသလား (မရှိပါဘုရား) မရှိပါဘူး၊ သူ့မှာလဲ သူ့ဒုက္ခနဲ့၊ ကိုယ့်မှာလဲ ကိုယ့်ဒုက္ခနဲ့ပါ. . . (မှန်ပါ့)။

အဲဒါကြောင့် ဒကာ၊ ဒကာမတွေ အပြောလွယ် သလောက် နေရာမကျတာတွေကလဲ ရှိပြီးသကာလ

နေတော့တယ်ဆိုတာလဲ မှတ်လိုက်တာပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

## တပည့်တော်အင်မတန်ကြောက်ပါပြီ

ကဲ. . . ဒါနဲ့ မောင်မြရွှေတို့, ဦးဖုံရင်တို့ ရဟန္တာကကိုင်း . . . မင်းသိပလား၊ ဒီလောက်ပြင်းထန်တဲ့ ငရဲမီးထဲမှာ နေရတာ မင်းမြင်ပလား၊ မြင်ပြီဆိုတော့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ကြောက်လာတယ်. . . (မှန်ပါ့) ကြောက်တယ်။

ဒကာဒကာမတွေက ဘာဖြစ်လာသတုံး (ကြောက်လာပါတယ်ဘုရား) ကြောက်လာတယ်နော်၊ ထိုကဲ့သို့ ကြောက်လာတဲ့ အချိန်ကျတော့ အရှင်ဘုရားဒါဖြင့် တပည့်တော် အင်မတန် အမြင်အားဖြင့် အင်မတန် ကြောက်ပါပြီ။

## သွားရမည့်လမ်း သေချာပြီးသား

ဒါ့ကြောင့် တပည့်တော် မထွက်တော့ဘူးဘုရား၊ တရားပဲ ကြိုးစားတော့မယ်ဆိုပြီးသကာလ ကယ်နိုင်တဲ့ တရားရှိရင် ကြိုးစားပါ့မယ်ဆိုတော့၊ ဟာ. . . ဝိပဿနာဉာဏ် ရှေ့သွားပြီး မဂ်တရား, ဖိုလ်တရား ကြိုးစားရင်

သေသေချာချာ ပျောက်တယ်ကွ မင်းမသွားရဘူးဆိုတော့ သူသွားမည့်လမ်းကိုပြပြီးသား. . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီ) သွားရမည့်လမ်း ဦးခင်မောင် သေချာပြီး သားလူလား၊ မသေချာသေးတဲ့ ပုဂ္ဂိုလ်လား. . . (သေချာ ပြီးသားလူပါဘုရား)။

အဲဒီ သေချာတာ ဖျက်လို့ရတယ်၊ စိတ်ချပါ. . . (မှန်ပါ့) သေချာတာ ဖျက်လို့ရပါတယ်ဆိုတော့ ဒကာ၊ ဒကာ မတွေ ဘာအားငယ်စရာရှိသလဲ. . . (မရှိပါဘုရား)။

ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့အတိုင်း ဘုန်းကြီး ပြောတာတွေသာ လိုက်နာကျင့်ကြံပြီးလုပ်ရုံပဲ၊ ကျုပ်တို့မှာ ဘာမှပူစရာ မလိုပါဘူး. . . (မှန်ပါ့)။

## ဆရာဘုန်းကြီးနဲ့ အချိန်မီသေးတယ်

ဒါ့ကြောင့် ဒီဒကာဒကာမတွေနဲ့ ဒီဆရာဘုန်းကြီးနဲ့ အချိန်မီသေးတယ်ဆိုတာ မောင်ထွန်းလှိုင်, မောင်ကိုတို့, တို့က ကံကောင်းတာ . . . (မှန်ပါ့ဘုရား) ဆိုထိုက်, မဆို ထိုက် (ဆိုထိုက်ပါတယ် ဘုရား)။

အင်မတန် ဆိုထိုက်တယ်ဆိုတာ ဒကာဒကာမတွေ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား) ခင်ဗျားတို့ကလဲ

မသေနှင့်၊ ဘုန်းကြီးကလဲ ကျန်းကျန်းမာမာနဲ့ရှိပြီး သကာလ အသေကမစောသေး၊ ဒီမှာ လာတွေ့ကြတာကိုး . . . (မှန်ပါ့)။

ဒီမှာ လာတွေ့လို့ရှိရင်ဖြင့် ဒကာဒကာမတို့ လုပ်ရင် ရတယ်ဆိုတဲ့ အဓိပ္ပာယ်ရှင်းကြပလား. . . (ရှင်းပါပြီ ဘုရား)။

## အိပ်ငိုက်မှာစိုးလို့ ခေါင်းပေါ်ရေစိုတင်

ဒါနဲ့ ဒီရဟန်းက တစ်ခါတည်း မင်းခန္ဓာကိုယ် မင်း ဖြစ်ပျက် အလုပ်တွေရှုကွာ၊ ဝိပဿနာအလုပ်, လုပ်ကွာ ဆိုပြီး ပေးလိုက်တဲ့အခါကျတော့ ကိုင်း. . . ခုနင်က ငရဲ ငါကိုယ်တိုင် သွားရမှာလဲ သေချာပြီ၊ ငရဲမီးပြင်းထန်ပုံလဲ ပိုးစုန်းကြူးလောက်က လှည်းသုံးစီးတိုက်လောက်ရှိတဲ့ သဖန်းသားတွေ ပြောင်သွားတာ ငါ့ရှေ့တွင် ဒီဟာပဲကယ် မည့်, ယူမည့်လူရှိတယ် ဆိုပြီးသကာလ ရဟန္တာက ပြောတဲ့ အတိုင်း ခန္ဓာကိုယ်ဖြစ်ပျက် ရှုပြီးသကာလ အိပ် ငိုက်မှာ စိုးလို့ ကောက်ရိုးမြက်ခွေကြီးများ ရေဆွတ်ပြီးသကာလ မောင် ထွန်းလှိုင်တို့, မောင်ကိုတို့ ခေါင်းပေါ်တင်လိုက် သေးတယ် . . (မှန်ပါ့ဘုရား)

## ခြေထောက်ရေဆွတ်ထား

တစ်ချက်တစ်ချက်ကျရင် ငိုက်မျဉ်းတဲ့ ထိနမိဒ္ဓ မလာပါစေနဲ့လို့ (မှန်ပါ့ဘုရား) ခြေထောက်မှာ ဂုန်အိတ်ကြီး စည်းပြီးသကာလ ရေဆွတ်ထားတယ်၊ ရေဆွတ်ပြီး အေးနေတော့ ငိုက်တဲ့စိတ်လာနိုင်ပါ့မလား . . . (မလာပါဘုရား)။

အဲဒီလိုလုပ်ပြီးသကာလ တစ်ခါတည်း အားထုတ်လိုက်တာ ဒကာဒကာမတို့ ဖြစ်ပျက်မြင်တယ်၊ ဖြစ်ပျက်မုန်းတယ်၊ ဖြစ်ပျက်ဆုံးတယ်ဆိုတဲ့ ၁,နံပါတ် သောတာပန်တည်တယ်. . . (မှန်ပါ့)။

## ဖြစ်ပျက်ဆုံးလို့ အနာဂါမ်တည်တယ်

နောက် ၂,နံပါတ်တစ်ခါ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးဆိုတဲ့ သကဒါဂါမ်တည်ပြန်တယ် (မှန်ပါ့ဘုရား)။ နောက်ကျတော့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးဆိုတဲ့ အနာဂါမ်တည်တယ်. . . (မှန်ပါ့)။

ဒကာဒကာမတို့ လုပ်လိုက်ပြန်တော့ သူ့လောက်အပြစ်ကြီးတဲ့ ပုဂ္ဂိုလ်ဒီအထဲမှာ တစ်ယောက်မှမပါ, ပါဘူး (မပါ,ပါဘုရား) ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ တစ်သက်

လုံး မုဆိုးလုပ်စားတဲ့လူ မပါ,ပါဘူး . . . (မပါ, ပါဘုရား)။

အဲဒါအနာဂါမ်တည်တော့ တစ်ခါတည်း သူသည် ကားလို့ဆိုရင် အင်မတန် ဝမ်းမြောက်ဝမ်းသာရှိပြီးသကာလ သူ့အတွက် ငရဲမီးနဲ့ ငရဲအိုးတွေ အကုန်ပျောက်ရတယ် (မှန်ပါ့ဘုရား) ဒကာ ဒကာမတို့ အဲဒါ သူရွတ်တဲ့ဂါထာပဲ။

အလ္လံ ပလာလပုဉ္စာဟံ၊
သီသေ နာဒါယ စက်မိ။
ပဝ္တ္တောသ္မိ တတိယံ ဌာနံ၊
ဧတ္တမေ နတ္ထိ သံသယော။ ။

ဆိုတဲ့အတိုင်းပဲတဲ့၊ ငါဟာ ကောက်ရိုးတွေ ရေဆွတ် ပြီးသကာလ တရားအားထုတ်လိုက်တာနဲ့ကွာ အခုအနာ ဂါမ်တည်ပါတယ်။

## ငရဲမီးတဟုန်းဟုန်းတောက်ပြီးသားတွေ

ဒါကြောင့် တရား၏ တန်ခိုးဟာ ငရဲအိုးတွေ သေချာပြီသား ငရဲမီး တဟုန်းဟုန်းတောက်ပြီးသားတွေ ဒီကနေငြိမ်းလိုက်တာ ရတယ်ဆိုတာ သူ့ဝတ္ထုကပဲ . . . (မှန်ပါ့ဘုရား)။

လုပ်တုန်းကလဲ ငရဲအိုး ဘယ်ကနေတည်သလဲ

. . . (ဟဒယဝတ္ထုပေါ်က) ဝမ်းထဲအကုသိုလ်က တည်လိုက်တာပဲ (မှန်ပါ့)။

## ငြိမ်·ချင်ရင်ဘယ်ကငြိမ်းရသလဲ

ဦးခင်မောင် ငရဲအိုး ဟိုမှာခင်ဗျားတို့ အစေခံတွေက တည်တာလား, ဝမ်းထဲကတည်ပေးနေတာလား (ဝမ်းထဲက တည်ပေးနေတာပါဘုရား) ငြိမ်းချင်တော့ ဘယ်ကနေ ငြိမ်းရသလဲ (ဝမ်းထဲကငြိမ်းရပါတယ်ဘုရား)။

ဩော်. . . ဒါကြောင့် ဘုန်းကြီးက မနောကံ ဖြစ်တဲ့ ဝိပဿနာဉာဏ်ကို ပေးလိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ကလဲ အထမ်မြောက် မြောက်အောင်လုပ်မယ်ဆိုရင်ဖြင့် ကြွေးဟောင်းတွေ့ကြေပါလိမ့်မယ်ဆိုတဲ့ ဥစ္စာ သေချာပါလိမ့်မယ် . . . (သေချာပါတယ်ဘုရား)။

## ကြွေးဟောင်းတွေကြေပါတယ်

ကြွေးဟောင်းတွေ ဘယ့်နှယ်တုံး. . . (ကြေပါတယ်ဘု ရား) ကြွေးဟောင်းတွေ ဒကာဒကာမတွေ အစပျောက်ပါလိမ့်မယ်ဆိုတာ ဦးခင်မောင် . . . အားငယ်စရာရှိသေးသလား . . . (မရှိပါ ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ကြိုးကြိုးစားစားလုပ်ပါလို့ ဘုန်းကြီးတိုက်တွန်းဖို့ မလိုဘူးလား၊ ကိုယ့်အကုသိုလ်တွေက မွေးကတည်းက ဘာမှမသိဘဲနဲ့ လာခဲ့တဲ့ပြောဟယ် . . . ဆိုဟယ် . . . မျက်စောင်းထိုးဟယ် . . . အမျိုးမျိုးအတင်းတွေ ပြောကြတယ်၊ ဒါတွေဟာ ဘာဆိုကြမတုံး . . . မေးလို့ရှိရင် အကုသိုလ် မှတစ်ပါး ဘာဆိုစရာ ရှိသေးသတုံး . . . (မရှိပါ ဘုရား)။

အဲဒါတွေကလဲ တဏှာ၊ဥပါဒါန်၊ ကံ အဖြစ်နဲ့ မလာဘူးလား (လာပါတယ်ဘုရား) ဒေါသ သောက၊ ပရိဒေဝ၊ အဝိဇ္ဇာ သင်္ခါရအဖြစ်နဲ့ကော . . . (လာပါတယ်ဘုရား)။

ကိုင်း . . . ပဋိစ္စသမုပ္ပါဒ်တွေဟာဖြင့် ကံတွေစုထားလိုက်တာ တဏှာ၊ ဥပါဒါန်တွေက ကံတွေစုထားလိုက်တာ မောင်ထွန်း လှိုင်တို့၊ မောင်ကိုတို့ . . . နည်းသလားကွာ (မနည်းပါဘုရား)။

အဲဒီတော့ . . . ဒီ၊တဏှာသတ်လိုက်လို့ရှိရင် တဏှာကကံတွေစုထားတာ မကောင်းတဲ့ကံလဲစု ဝဋ်လည်စေတတ်တဲ့ ကံတွေလဲစုထားတာ ဒီတဏှာ သေအောင်လုပ်လို့ရှိရင် ကံတွေပါ အဟောသိကံမဖြစ်ရဘူးလား . . . (ဖြစ်ရပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ ယနေ့ဟောမည့် တရားသည် လူမိုက်နဲ့လူလိမ္မာ ထူးခြားတာ ဟောပြီးသကာလ ခင်ဗျားတို့ကို အပြစ်တွေအကုန်ပျောက်ပြီး သကာလ ကယ်မည့် ယူမည့်တရားမို့ ကယ်ယူစရာကို ကိုယ်ကကိုယ်ပိုင် ဖြစ်အောင်လုပ်ထားပါ . . . (မှန်လှပါဘုရား)။

## ကယ်မည့်တရားကိုယ်ပိုင်ဖြစ်အောင်လုပ်

ကယ်ယူမည့်တရားကို (ကိုယ်ပိုင်ဖြစ်အောင် လုပ်ထားပါ) ကိုယ်ပိုင်ဖြစ်အောင် လုပ်ထားပါ၊ ပေါ့ပေါ့မနေပါနဲ့လို့ သတိပေးလိုက်တယ်နော် . . . (မှန်ပါ့)။

ဒီအထဲမှာ ဒကာဒကာမတွေအားလုံး အရင်းအချာတွေပဲလို့ ဘုန်းကြီးစိတ်ထဲမှာလဲ ထားတယ်၊ အားလုံးသိစေချင်တာပဲ အားလုံးပဲ ဒီကံတွေကို ပျောက်စေချင်တာပဲဆိုတော့ ကံပျောက်တဲ့ ဆေးရှိသေးတယ်ဆိုတာကို သိရပါတယ် (မှန်ပါ့ဘုရား)။

## ဝိပဿနာမဂ်ကပျောက်နိုင်တယ်

အဲဒီတော့ ပျောက်တဲ့ဆေးရှိသေးတယ်ဆိုတာ သိရတော့ ဒီကံ ဘာနဲ့ပျောက်ရမလဲဆိုတော့ မဂ်နဲ့ပျောက်မယ်

(မှန်ပါ့) ဒီကံ ဘာနဲ့ဖျောက်ကြမယ်. . . (မဂ်နဲ့ဖျောက်ကြပါမယ်) မဂ်နဲ့ဖျောက်မယ်ဆိုတော့ ဝိပဿနာမဂ်ဆိုရင်ဖြင့် သူလဲဖျောက်နိုင်တာပဲ. . . (မှန်ပါ့)။

လောကုတ္တရာမဂ်ဆိုရင်ဖြင့် အမြစ်ပါ ဖျောက်နိုင်တယ်ဆိုတော့ ဩော်. . . အားငယ်စရာမရှိပါကလား. . . ဝိပဿနာရှုရင်း သေသွားလဲ ကိစ္စမရှိဘူး . . . (မှန်လှပါဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဟာ တစ်ခါတည်း သောတပတ္တိမဂ် ဆိုက်သွားတယ်ဆိုလို့ ရှိရင်လဲပြီးတာပဲ၊ ကြွေးဟောင်းတွေ ဘယ့်နှယ်နေကြသလဲ (ပျောက်ပါတယ်) အကုန်ပျောက်ပါတယ် (မှန်ပါ့) နောက်မိုက်လတ္တံ့၊ ကြွေးသစ်တွေကော လာသေးသလား (မလာပါဘုရား)။

## ကြွေးဟောင်း၊ ကြွေးသစ်ပျောက်တဲ့တရား

ဩော်. . . ဒါဖြင့် ဒကာဒကာမတို့ ဒီတရားသည် ကြွေးဟောင်း ကြွေးသစ်ပျောက်တဲ့တရား ဖြစ်လေသောကြောင့် ငါတို့ကြွေးဟောင်းက သေချာတယ်၊ သံသရာရှည်တဲ့ကြွေးသစ်က တင်ဦးမှာဆိုတာကော မသေချာကြဘူးလား . . . (သေချာပါတယ် ဘုရား)။

အဲဒီလောက် သေချာနေပြီ ဖြစ်လေသောကြောင့် ဩော်. . . ကြွေးဟောင်းလဲပျောက်၊ ကြွေးသစ်လဲ ဒကာ ဒကာမတွေ မပေါ်လာလို့ရှိရင်ဖြင့် လုပ်ထိုက်တဲ့တရားပဲ ပေါ့ . . . (မှန်လှပါဘုရား) ဘယ့်နှယ်ဆိုကြမယ်. . . (လုပ်ထိုက်တဲ့တရားပါဘုရား)။

လုပ်ထိုက်တဲ့တရား ခင်ဗျားတို့သားရေး, သမီးရေး, စီးပွားရေးကြောင့် ကိုယ့်ကြွေးကို ခန္ဓာနဲ့ဆပ်မှာကို ဉာဏ်နဲ့ ဆပ်ပါ(မှန်လှပါဘုရား) ဘယ်လိုမှာတုံး (ခန္ဓာနဲ့ဆပ်ရမှာကို ဉာဏ်နဲ့ဆပ်ပါ) ခန္ဓာနဲ့ဆပ်ရင် ငရဲသွားတော့ ခန္ဓာကြီးနဲ့ သွားရမှာကိုး (မှန်ပါ့ဘုရား)။

အဲဒီတော့ ခန္ဓာနဲ့ဆပ်ရမှာကို အခုဘာနဲ့ဆပ်ရမ လဲ. . . (ဉာဏ်နဲ့ဆပ်ရပါမယ်) ဉာဏ်နဲ့ဆပ်လိုက်တော့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ပြီးသွားတယ်၊ ထွက်နိုင် တဲ့ပုဂ္ဂိုလ်ကနော်. . . (မှန်ပါ့)။

## အင်္ဂုလိမာလ

ကိုင်း . . . တစ်ခါ သူ့ ထင်ရှားတော့ မနေ့က ပြောခဲ့တဲ့အတိုင်း အင်္ဂုလိမာလတို့ လူပေါင်းများစွာသတ်တဲ့ ကံကြီးတွေဟာ နည်းသလား (မနည်းပါဘုရား) တိရစ္ဆာန်

သတ်တဲ့ကံဟာ လူသတ်တဲ့ ကံလောက် ကြီးတာမဟုတ်ပါဘူး . . . (မှန်ပါ)။

အဲဒါတောင်မှ မင်္ဂနဲ့ဖျောက်လိုက်တော့ ဘယ့်နှယ်နေကြသလဲ. . . (ပျောက်ပါတယ်ဘုရား) ပျောက်သွားတယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ဟို . . . မုဆိုး သားသမီးခုနှစ်ယောက်မှာ ချွေးမခုနှစ်ယောက်ရော သား ခုနှစ်ယောက်ရော တစ်သက်လုံးမုဆိုးလုပ်စားတာတွေ မင်္ဂနဲ့ဖျောက်လိုက်တော့ ဘယ့်နှယ်နေကြသလဲ . . . (ပျောက်သွားပါတယ်ဘုရား)။

## အားမငယ်ကြနဲ့ လုပ်မယ်သာစိတ်ကူး

ဒြော် ပျောက်တာချည်းပဲဆိုသဖြင့် တယ်ခက်ပါကလား ဒီတရားတို့အားကိုးရာ အစစ်မဖြစ် ဖြစ်အောင်လုပ်တော့မယ် မီးခဲသိမ်းနေပြီဟ. . . ဆိုပြီးသကာလ ဦးခင်မောင် ဘာမှ အားမငယ်နဲ့ လုပ်မယ်သာစိတ်ကူး (မှန်လှပါဘုရား) ဒကာဒကာမတွေ ဘယ်လိုစိတ်ကူးရမယ် . . . (လုပ်မယ်သာစိတ်ကူးရပါမယ်)။

အဲဒီတော့ လုပ်မယ်စိတ်ကူးတော့ ဘုန်းကြီး က

ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ကိုလဲ တိုက်တွန်းပါတယ်နော် . . . တိုက်တွန်းတာလဲ သွယ်ဝိုက်တိုက်တွန်းတယ်လို့ မယူပါနဲ့ အမှန်ပြောတယ်လို့ပဲ ယူပါတော့နော် . . . (မှန်ပါ့)။

ခင်ဗျားတို့ ခန္ဓာကိုယ်ကလေးက မွေးလာတယ် ပထမမွေးလာတယ်၊ သစ်ပင်ကလေးလိုပဲ သစ်ပင်ကလေးဟာ ပေါက်စကတည်းကိုက ကိုင်းလာတယ်ဆိုရင် ဒီသစ်ပင်တော့ ဒကာဒကာမတို့ မြေပေါ်ပြန်ရောက်ရတော့မယ်၊ ဒီကအညွန့်တွေ မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

ပေါက်ကတည်းက ဘယ်လိုပေါက်သတုံး (ကိုင်းပေါက်ပါတယ်) ကိုင်းပေါက်တော့ ဒီနေရာမှာလဲပွဲတော့တွေ့ရတော့မယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား) ဒီမှာ ခန္ဓာကိုယ် မွေးလာကတည်းက သေရာကိုပြေးနေတယ် (မှန်ပါ့)။

## သေရာမရောက်သေးခင် တရားနာ

ခန္ဓာကိုယ်က ဘယ်ပြေးနေသလဲ. . . (သေရာပြေးနေပါတယ်ဘုရား) အခုတရားလာနာရင်း ပြေးနေကယ် (မှန်ပါ့) တရားသာနာတယ် မောင်ကို ဘယ်ပြေးနေသတုံး

ဟော့ . . . (သေရာပြေးနေပါတယ်ဘုရား)။

ဩော်. . . မရောက်သေးခင် မင်းတို့တရားနာနေတာဟော့ (မှန်ပါ့) ဆိုနိုင်ကြရဲ့လား (ဆိုနိုင်ပါတယ်) ဘယ်လိုဆိုနိုင်ကြသလဲ. . . (မရောက်သေးခင် တရားနာနေကြတာပါဘုရား)။

မရောက်သေးခင် တရားနာတာဖြစ်တော့ ဩော် . . . မင်းတို့ကတော့ဖြင့် အမျိုးမျိုးအဖုံဖုံ ဘယ်နေ့ကျတော့ဘာလုပ်ဦးမလဲ၊ ဘယ်ဟာကျတော့ ဘာလုပ်ဦးမလဲဆိုတာမင်းတို့ကလဲ ခန္ဓာကိုယ်ကြီးမေးတာမဟုတ်ဘူး (မှန်ပါ့) တဏှာခိုင်းရာသာ တစ်ခါတည်း ကျွန်သပေါက်ပီပီ လုပ်နေတာပဲ။

ခန္ဓာကိုယ် ခင်ဗျားဘယ်လောက် နေမှာတုံး၊ ဟာ . . . ငါဘယ်လောက်နေမယ်လို့ သူဘယ်တော့များ ပြောဖူးသတုံး . . . (မပြောဖူးပါဘုရား)။

## ထိုင်ရင်းလည်းသုသာန်ပြေးတယ်

မပြောဖူးတဲ့အထဲမှာ မင်းတို့က တဏှာခိုင်းတာနဲ့ပဲလျှောက်ပြီးသကာလ လုပ်ချင်တာတွေလုပ်, ရောင်းချင်တာတွေ ရောင်း, ဝယ်ချင်တာတွေဝယ် ဆိုပြီးသကာလ နေကြ

တော့ ဘုန်းကြီးပြောလိုတာက ခန္ဓာကိုယ်က သူမွေးကတည်း က စပြေးလာတာ သုသာန်မရောက်သေးလို့ရှိရင် သူ့အပြေး ရပ်ပါ့မလား. . . (မရပ်ပါ ဘုရား)။

သူ့အလုပ်ကလဲ အခုထိုင်ရင်းလဲ ဘာလုပ်နေသလဲ . . . (သုသာန်ပြေးနေပါတယ်ဘုရား) ထိုင်ရင်းလဲ သုသာန် ပြေးတာပဲ (မှန်ပါ့) ဒကာဒကာမတို့ ဘယ်များပြေးနေ သလဲ. . . (သုသာန် ပြေးနေပါတယ်ဘုရား) ဪ. . . ထ ရင်းတော့ကော (သုသာန် ပြေးပါတယ်ဘုရား) ထမင်းစား ရင်းကော (သုသာန်ပြေးပါတယ်) ထမင်းမစားခင်ထက် သုသာန်နဲ့နီးတယ် (မှန်ပါ့)မနီးဘူးလား .. (နီးပါတယ် ဘုရား)။

ထမင်းစားပြီးတဲ့အချိန်နဲ့ ရေသောက်တဲ့အချိန်နဲ့ ကော ဘယ်သူက သုသာန်နဲ့နီးသလဲ (ရေသောက်တဲ့အချိန် က နီးပါတယ်ဘုရား)။ ရေသောက်ပြီး သကာလ ဧည့်ခန်း ဝင်, ဆေးလိပ်ခန်းဝင်တဲ့ပြီး ဆေးလိပ်သောက်တဲ့အချိန်နဲ့ ကော ဘယ်သူကနီးသလဲ (ဆေးလိပ်သောက်တဲ့ အချိန်က နီးပါတယ်ဘုရား)။

ဪ . . . ဒကာဒကာမတို့ ခန္ဓာကိုယ်ရပ်လို့

ဆီးလို့ ရကြပါရဲ့လားလို့မေးရင် ဘယ့်နှယ်ဖြေမလဲ . . . (မရပါဘုရား)။

## သုသာန်မရောက်ခင် အတင်းကြိုးစားမှ

ဩော်. . . မရတဲ့ခန္ဓာကိုယ်ကြီးပဲ အဲဒီတော့ သူက မရတော့ကို ကဲ. . . မောင်မင်းကြီး ခန္ဓာကိုယ်သုသာန် မရောက်ခင်ကလေးကျုပ်သည် အတင်းကြိုးစားမှဆိုတဲ့ စိတ်ကလေးမွေးစမ်းပါ (မှန်လှပါဘုရား) သုသာန်မရောက်ခင် (အတင်းကြိုးစားမှ တော်ပါမယ်ဘုရား)။

သူကတော့ အပြေးရပ်မယ်မဟုတ်ပါဘူး (မရပ်ပါဘုရား) ဒီအထဲက မရ,အရဆွဲရတာပဲ (မှန်ပါ့) ဦးခင်မောင်ရေ သူပြေးတာတော့ ရပ်ပါ့မလား (မရပ်ပါဘုရား) အင်း . . . တချို့မှာ မွေးပြီး သေသွားတာတွေလဲ ကိုင်းပေါက်လို့ ကိုင်းသလိုပဲ မြေပေါ် ရောက်သွားတာပဲနော်. . . (ရောက်ပါတယ်ဘုရား)။

အဲ. . . ဒီမှာတော့ အချိန်ကလေးနည်းနည်း ကျန်နေသေးတဲ့အဓိပ္ပါယ် ခင်ဗျားတို့မှာရှိနေသေးတယ်ဆိုတာ သဘောပါကြလား . . . (ပါ,ပါတယ်ဘုရား)။

## ခန္ဓာကအပြေးသွားတယ်

အဲဒီအချိန်ကလေးမှာ အကြွေးတွေ အကုန်ဆပ်လိုက်ရမယ်ဆိုတော့ နှေးနှေးဆပ်လို့ တော်ပါ့မလား၊ ခန္ဓာက အပြေးသွားတယ် ကျုပ်တို့က နှေးနှေးလုပ်မယ်ဆိုလို့ တော်ပါ့မလား . . . (မတော်ပါဘုရား) ခန္ဓာက ဘယ်လိုတဲ့ . . . (အပြေးသွားပါတယ် ဘုရား)။

ခန္ဓာက သုသာန်သွားတာ အပြေးသွားတယ် . . . (မှန်ပါ့) ကျုပ်တို့ တစ်နေ့နေ့လုပ်မယ်ဆိုတာက အနှေး. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

ခန္ဓာကတော့ သုသာန်. . . (အပြေးသွားပါတယ် ဘုရား) ခင်ဗျားတို့ အလုပ်ကနှေးနေလို့ရှိရင် အသေဦးပဋှာ ဒကာဒကာမတို့ လိုရင်းနောက်ကျသွားပါလိမ့်မယ် (မှန်ပါ့) ဘယ်လိုပါလိမ့် (အသေဦးပြီး လိုရင်းနောက်ကျသွားပါလိမ့်မယ် ဘုရား)။

## လူတိုင်းကိုသတိပေးပါတယ်

အဲဒါ လူတိုင်းကို သတိပေးပါတယ်၊ ဒကာဒကာမတို့ မိဘ, မောင်နှမ, ညီအစ်ကို,မောင်နှမ အစရှိသည်

မတော်ဖူးသူ မည်သည်မရှိလို့ ဒါ. . . ရိုးသားစွာနဲ့ တိုက်တွန်းလိုက်ပါတယ် (မှန်ပါ)။

ခန္ဓာက အပြေးရပ်ကြပါရဲ့လား (မရပ်ပါဘုရား) ခင်ဗျား တို့အလုပ်ကတော့ နှေးနေတယ်. . . (မှန်ပါဘုရား) ခုနင်က ကာယ်မည့်ယူမည့်တရားကျတော့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ဘယ့်နှယ်နေကြသတုံးဟေ့ . . . (နှေးပါတယ်ဘုရား)။

ဩော်. . . အပြေးသွားတဲ့ဥစ္စာ မင်းတို့က အနှေးနဲ့ ဆိုရင် ကိုယ်ကျိုးနည်းပါလိမ့်မယ်. . . (မှန်ပါ) ဆိုထိုက်, မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား)။

ခန္ဓာက အပြေးသွားနေတဲ့ဥစ္စာ သူကအသေဆီ အပြေးသွားနေတာ၊ ကိုယ်အပါယ်လွတ်မည့် တရားလုပ်နေတာ ခပ်နှေးနှေးဆိုရင် အပြေးနဲ့ အနှေးဆိုလို့ရှိရင် အနှေးက ကိုယ်ကျိုးနည်းလိမ့်မယ်၊ မနည်းကြပေဘူးလား . . . (နည်းပါတယ်ဘုရား)။

## ဉာဏ်ကနောက်ကျသွားလိမ့်မယ်

ဟာ. . . ဒါဘုန်းကြီးက တိုက်တွန်းတာလား၊ ခန္ဓာဖြစ်စဉ် ကိုက်ပြောတားလား (ခန္ဓာဖြစ်စဉ်ကိုက် ပြောတာ

ပါဘုရား) ခန္ဓာဖြစ်စဉ်ကိုက်ပြောတဲ့ သဘောကိုလဲ ဒကာ ဒကာမတွေ ယနေ့သိရပါပြီ၊ ထိုကဲ့သို့ သိရတဲ့အတွက်. . . တဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ခန္ဓာအပြေးသွားတာကို သူတော်ကောင်းအလုပ်က နှေးနေကြမယ်ဆိုရင်ဖြင့် ဒကာဒကာမတို့ အသေကဦး၍ ဉာဏ်ကနောက်ကျသွားပါလိမ့်မယ် (မှန်ပါ့) အသေက. . . (ဦးပါလိမ့်မယ်) ဉာဏ်က. . . (နောက်ကျသွားပါမယ်ဘုရား)။

ဒါဖြင့် ကယ်မည့်သူက နောက်ကျ၊ ဟုတ်လား (မှန်ပါ့) အသေက ခေါ်နှင့်နေတယ်ဆိုတော့ ဆရာဝန်က နောက်ကျပြီး သကာလ လူမမာက အသေစောနေရင်ဖြင့် ကိုယ်ကျိုးနည်းပေါ့. . . (မှန်လှပါဘုရား) မဆိုထိုက်ဘူးလား, ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒီလိုဖြစ်မည့် ပုဂ္ဂိုလ်တွေ ခင်ဗျားတို့ သားရေးကြောင့်လဲ ဖင့်နှေးတတ်တယ်၊ သမီးရေးကြောင့်လဲ (ဖင့်နှေးတတ်တယ်) ပစ္စည်းရေးကြောင့်လဲ (ဖင့်နှေးတတ်ပါတယ်) အဲ. . . ဖင့်နှေးရင် ဘယ့်နှယ်ဆိုကြမယ်. . . (အသေဦးမှာပါဘုရား)။

ကိုင်း, . . ဒကာဒကာမတို့ အသေဦးပါလိမ့်မယ်ဆိုတော့ ခန္ဓာကိုယ်က ရပ်လို့ရရဲ့လား . . . (မရပါဘုရား)

အေး. . . ဘယ် ဗေဒင်က ဟောဟော မယုံကြနဲ့၊ ခန္ဓာကိုယ်က သူ့လမ်းသူပြေးတာနော်. . . (မှန်ပါ့) သူ့လမ်းသူပြေးတာ၊ မပြေးဘူးလား. . . (ပြေးပါတယ်ဘုရား)။

သူ့လမ်းသူပြေးတော့ ပြေးနေတာပဲ၊ ကိုယ်က နားမလည် ပါးမလည်နဲ့ ဆရာကောင်း သမားကောင်းတွေဆီမှာ နည်းနာမယူတဲ့နဲ့ အလကား ကူးနေပြန်လို့ရှိရင်လဲ အသုံးမကျပြန်ဘူး (မှန်ပ့ါ)သဘောကျပလား. . . (ကျပါပြီ) အလကားကူးနေပြန်ရင် . . . (အသုံးမကျပါဘုရား) ခန္ဓာ မြေခွေး ဖြစ်နေတယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

အဲ. . . ဒါ့ကြောင့် ယနေ့သည် ကားလို့ဆိုရင် ဒကာ ဒကာမတွေ ရှေ့ပိုင်းမှာ တိုက်တွန်းလုံးကို ပြောနေတော့ ဒီတိုက်တွန်းတဲ့ သဘောကိုလဲ ခင်ဗျားတို့ ခန္ဓာကိုယ်ဖြစ်စဉ်ကို တားလို့ရတယ်ဆိုတာလဲ ခုနင်ကဝတ္ထုက သက်သေခံသွားပြီ (မှန်ပ့ါ)။

ဒီထဲ တားလို့ရတာ လုပ်ပါမယ်ဆိုရင်းမတ္တာနဲ့ ဖင့်နွှေးနေလို့ရှိရင်လဲ အသေဦးပါလိမ့်မယ်ဆိုတဲ့ စကားဟာ မကုန်သေးဘူးလား (ကုန်ပါပြီဘုရား)။

## ကိုယ်ပိုင်အလုပ်ရှေ့ထားပါ

အဲဒီတော့ ဒကာဒကာမတို့ အသေဦးမှာနဲ့ ကိုယ်ပိုင်အလုပ်လုပ်မှာ ဘယ်ဟာရှေ့ထားကြရမှာတုံး. . . (ကိုယ်ပိုင်အလုပ်, လုပ်မှာကို ရှေ့ထားရပါမယ်ဘုရား)။

အပြောနဲ့ ပြီးကြပါ့မလား. . . (မပြီးပါဘုရား) မပြီးပါဘူး ဆိုတာ သေချာကြပလား (သေချာပါပြီ) ဒါဖြင့် ဝမ်းထဲကဆောက်တဲ့ငရဲအိုး, ငရဲသားတွေကို ဝမ်းထဲကနေ ငြိမ်းကြပါစို့ ဆိုတာကော သဘောကျပလား . . . (ကျပါပြီဘုရား)။

## ငရဲတွေဘယ်ကတည်ဆောက်သလဲ

ငရဲတွေ ဘယ်ကတည်ဆောက် (ဝမ်းထဲကတည်ဆောက်ပါတယ်ဘုရား) ဝမ်းထဲက ကိလေသာတွေ တည်ဆောက်တယ်. . . (မှန်ပါ့)။

နတ်ဘုံတွေသွားပြီး သကာလ ဘယ်လက်သမားက ဆောက်ပေးသတုံး မေးလို့ရှိရင် ဝမ်းထဲမှာရှိတဲ့ ကုသိုလ်ကနေ သွားတည်ဆောက်တာပဲ (မှန်ပါ့) ဘယ်သူက တည်ဆောက်သတုံး (ဝမ်းထဲက ကုသိုလ်ကပါဘုရား) သဘောပါပလား (ပါ,ပါတယ်ဘုရား) ဒါဖြင့် ငရဲလဲ ဒီက တည်

ဆောက်တယ်ဆိုတာ သေချာပလား . . . (သေချာပါပြီ ဘုရား)။

ဒါဖြင့် ဒီကနေပြီး သကာလ ငရဲတွေ, ငရဲအိုး သိမ်းရင် ငရဲမီးငြိမ်းရင် ရ,မရ. . . (ရပါတယ်ဘုရား) ဩော်. . . မဂ်သာရအောင်လုပ်၊ ဒကာ ဒကာမတွေ သေချာတယ်. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ကို အလုပ်တရား အရေးကြီး ပါတယ်ဆိုတာ ယနေ့ ကွက်ကွက်ကွင်းကွင်းပေါ်အောင် ဖော်ပြောနေပါတယ်ဆိုတာ သေချာကြပလား. . . (သေချာပါပြီဘုရား)။

ကိုင်း . . . ဒကာဒကာမတို့ အရင်စိတ်တွေ အကုန် ဖျောက်နော် (မှန်ပါ့) အရင်စိတ်တွေက ဘာတုံး . . . ကျုပ်တို့တော့ဖြင့် နေနိုင်ပါသေးရဲ့ဆိုတာတွေ ဖျောက်ပစ်ပါ . . . (မှန်ပါ့)။

နေနိုင်တာ, မနေနိုင်တာအပထား၊ ခန္ဓာကိုယ်က အသေသွားတာ ရပ်စဲပါရဲ့လား (မရပ်စဲပါဘုရား) မရပ်စဲ တော့ကို ကိုယ့်သူတော်ကောင်း အလုပ်ကတော့ဖြင့် အချိန်

ရွေးရွေးနေကြတယ်. . . (မှန်ပါ့ဘုရား) အသေသွားတဲ့ ခြေထောက်လောက် မှန်ရဲ့ လား . . . (မမှန်ပါဘုရား)။

အဲဒီတော့ သူကအပြေးသန်သလောက် ကျုပ်တို့ကကိုင်း . . . ဒါဖြင့် မင်းအဦးတော့ဖြင့် ငါမခံနိုင်ဘူး၊ ငါ့မှာကြွေးတွေက ရှိနေတယ်၊ ကြွေးဆပ်တာသာ အရင်ဦးရမကွ၊ သေပြီးမှဆိုရင် သွားရုံပဲရှိတော့တယ်၊ ကြွေးဆပ်တဲ့အလုပ်ကိုတစ်ခါတည်း ဇာတ်သိမ်းမည့်အလုပ်ကို အပါယ်ဇာတ်သိမ်းမည့်အလုပ်ကို ငါအရင်မီအောင် လုပ်ပါတော့မယ်ဆိုပြီး ဒကာ ဒကာမတွေ ယနေ့လုပ်ဖြစ်အောင် လုပ်ပါ . . . (မှန်ပါ့) ဒါကို လေးနက်စွာ တိုက်တွန်းတယ်နော်. . . (မှန်ပါ့ဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီ)။

ကိုင်း. . . ဒါဖြင့် မနေ့ကတရားကို ဒကာဒကာမတို့ဆက်ကြပါစို့၊ ကြပ်ကြပ်ဂရုစိုက်ပြီး နားထောင်ပါ။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော့ ရဟန်းတွေကိုမေးလိုက်တယ်၊ ရဟန်းတွေ. . . လူမိုက်နဲ့လူလိမ္မာ ဘာထူးသံတုံးကွ. . . မေးလိုက်တယ်နော်. . . (မှန်ပါ့)။

## လူမိုက်နဲ့လူလိမ္မာဘာထူးသလဲ

လူမိုက်နဲ့လူလိမ္မာ ဘာထူးသလ်ကွ. . . လို့ မေးလိုက်တဲ့အခါ အရှင်ဘုရား. . . တပည့်တော်တို့က အရှင်ဘုရားပွင့်မှ အရှင်ဘုရား . . . ဘုရားဖြစ်မှ တပည့်တော်တို့က အရှင်ဘုရား၏ ဧဟိဘိက္ခုရဟန်းတွေ အရှင်ဘုရားထံမှာ သရဏဂုံရတဲ့ ရဟန်းတွေ ခုမှ အရှင်ဘုရားပေါ်မှ တပည့်တော်တို့က ပေါ်ရတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေပါတယ်။

ဒါ့ကြောင့် လူမိုက်နဲ့လူလိမ္မာ ဘာထူးသလဲဆိုတဲ့ တရားကိုပဲ တပည့်တော်တို့ ကဿပဘုရားလက်ထက်က ကွယ်လာလိုက်တာ ခုထက်ထိဒီစကားတွေဟာ ဘယ်သူမှ မသိကြပါဘူး၊ အရှင်ဘုရား ပေါ်မှပဲ ဘုရားရယ်လို့ ပေါ်လာမှ တရားကလဲ အသစ်ပေါ်တော့ ကွယ်လာတာတွေက ကြာခြင်းကြောင့်လည်းကောင်း၊ တပည့်တော်တို့ရဲ့ အဝိဇ္ဇာထူထပ်သောကြောင့်လည်းကောင်း၊ လူမိုက်နဲ့လူလိမ္မာ ဘာထူးတယ်ဆိုတာ မသိပါဘုရား၊ အရှင်ဘုရား ပြောမှ ဟောမှ သိရမည့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ်၊ ရဟန်းတွေက, ရဟန်းတွေကနော် . . . (မှန်ပါ့)။

## လာပုံတူပြီး သွားပုံမတူဘူး

အေး. . . ဒါဖြင့် မင်းတို့ သေသေချာချာ နား ထောင်ကြကွ၊ သေသေချာချာနားထောင်ကြကွ၊ လူမိုက်နဲ့ လူလိမ္မာထူးပုံ ငါသေ သေချာချာ ရှင်းပြမယ်ဆိုပြီး လာပုံမှာ တူခြားသော်လဲ သွားပုံမတူဘူးကွ. . . (မှန်ပါ့) လာပုံမှာ . . . (တူပါတယ်ဘုရား) သွားပုံကျ တော့. . . (မတူပါ ဘုရား)။

ဩော်. . . လူမိုက်နဲ့လူလိမ္မာ ဘယ်လိုများ ထူးခြား ပါလိမ့် (လာပုံမှာတူခြားသော်လဲ သွားပုံမှာ မတူပါဘုရား)။

ဩော်. . . ဒကာဒကာမတို့ သိပ်အဖိုးတန်တာပဲ၊ လာပုံမှာ တူခြားသော်လည်း သွားပုံမှာ မတူဘူးတဲ့. . . (မှန်ပါ့) ဘယ့်နှယ်တဲ့ ဒကာဒကာမတွေ. . . (လာပုံမှာ တူခြားသော်လဲ သွားပုံမှာ မတူပါဘုရား)။

လူမိုက်နဲ့လူလိမ္မာ ထူးခြားတယ်လေ၊ လူမိုက်နဲ့ လူလိမ္မာ ဘယ်လိုထူးခြားတယ်ဆိုတာ လာပုံမှာတူခြားသော် လဲ သွားပုံမှာ မတူဘူးကွဆိုတော့ မရှင်းသေးဘူးလား . . . (ရှင်းပါပြီ)။

သို့သော် ပုံစံချပြီး ဒကာဒကာမတွေ ပြပါဦးမယ်

. . . (မှန်ပါ့) သတ္တဝါအစ အဝိဇ္ဇာတကျောက. . . (မှန်ပါ့ ဘုရား)။ ဒကာ ဒကာမတို့ သတ္တဝါအစ (အဝိဇ္ဇာတကျောက ပါဘုရား)။

အဝိဇ္ဇာ တကျော ဆိုတာကြောင့် ဒကာဒကာမတွေ ဩော် . . . အဝိဇ္ဇာပစ္စယာသင်္ခါရာကြောင့် ခန္ဓာငါးပါးဆိုတဲ့ ဝိညာဏ်ကြီး မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

**အဝိဇ္ဇာသင်္ခါရကြောင့်ခန္ဓာငါးပါးဖြစ်**

မသိတဲ့ အဝိဇ္ဇာကြောင့် ပြုမှုသင်္ခါရကြောင့် သင်္ခါရ ပစ္စယာ ဝိညာဏံဆိုတော့ ပဋိသန္ဓေ ခန္ဓာငါးပါးကြီးပေါ်လာ တယ်. . . (မှန်ပါ့ ပေါ်ပါတယ်ဘုရား)။

ဒါက အတိတ်အကြောင်းထားပါတော့ အဝိဇ္ဇာ, သင်္ခါရဟာ အတိတ်အကြောင်း ထားလိုက်ပါတော့နော် (မှန်ပါ့)။

ဒါဟာ လူလိမ္မာလဲ အဝိဇ္ဇာသင်္ခါရကြောင့် ဝိညာဏ်နာမ် ရုပ်သဠာယတန ဖဿဝေဒနာ ပေါ်တာပဲ. . . (မှန်ပါ့ဘုရား) ဝိညာဏ်နာမ်ရုပ်သဠာယတန ဖဿဝေဒနာဆိုတော့ ခန္ဓာငါးပါး မပြည့်သေးဘူးလား(ပြည့်ပါတယ်ဘုရား) ပြည့်ပြီနော်။

ဒါဖြင့် လူလိမ္မာမှာလဲ ဒကာဒကာမတို့ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါးဖြစ်တယ်. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ကဲ. . . လူမိုက်မှာလဲ ကြည့်လိုက်တော့ အဝိဇ္ဇာသင်္ခါရကြောင့်ပဲတဲ့၊ ဒကာဒကာမတို့ ခန္ဓာငါးပါး ဖြစ်တယ်. . . (မှန်ပါ့) လာပုံမှာ အတူတူပါပဲ ထူးကြသေးရဲ့လား. . . မထူးပါဘုရား အဝိဇ္ဇာသင်္ခါရ ခေါင်းဆောင်တာပဲ . . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဩော်. . . လူမိုက်မှာလဲ အဝိဇ္ဇာသင်္ခါရကြောင့် ဘာဖြစ်ပါလိမ့်. . . (ခန္ဓာငါးပါးဖြစ်ပါတယ်ဘုရား) အင်း ခန္ဓာငါးပါးဖြစ်တယ်ဆိုတာ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ အမြင်အားဖြင့် ရှင်းပါပြီကွာ . . . (ရှင်းပါပြီ)။

လူလိမ္မာမှာလဲ ခန္ဓာငါးပါး ဖြစ်တာပဲတဲ့၊ လူမိုက်မှာလဲ ခန္ဓာငါးပါးဖြစ်တာပဲ၊ ခန္ဓာငါးပါးဖြစ်ပုံ, လာပုံမှာ အတူတူပါပဲကွတဲ့၊ ရှင်းကြပါလား. . . (ရှင်းပါပြီ)။

အဲဒီတော့ လာပုံမှာ တူပြားသော်လဲ သွားပုံကျတော့ ထူးခြားတယ်(မှန်ပါ့ထူးခြားပါတယ်) သွားပုံက လူမိုက်မှာ ဒကာ ဒကာမတို့ ခန္ဓာငါးပါးကလာပြီးသကာလ အဝိဇ္ဇာသင်္ခါရ,က လာပြီးသကာလ အဝိဇ္ဇာတဏှာက လာပြီးတော့ အဝိဇ္ဇာတဏှာဘက် လှည့်သွားတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

## လူလိမ္မာကတော့

လူလိမ္မာကျတော့ အားလုံးဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါတဲ့. . . အဝိဇ္ဇာ, သင်္ခါရကြောင့် ခန္ဓာငါးပါးဖြစ်ပြီးတော့ ခန္ဓာငါးပါးနောက်ကနေပြီး သကာလအဝိဇ္ဇာတဏှာချုပ်တယ် (မှန်ပါ့)။

ဒါဖြင့် လူမိုက်ကတော့ အဝိဇ္ဇာ,တဏှာလာတယ်. . . (မှန်ပါ့) ဒကာဒကာမတွေ ဘာတဲ့တုံး. . . (လူမိုက်ကတော့ အဝိဇ္ဇာတဏှာ လာပါတယ်ဘုရား)။

ကောင်းပြီ. . . လူလိမ္မာကတော့ဖြင့် ဝိဇ္ဇာနဲ့ အလောဘလာတယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား) လူလိမ္မာက. . . (ဝိဇ္ဇာနဲ့အလောဘ လာပါတဲယ်ဘုရား) လူမိုက်ကတော့. . . (အဝိဇ္ဇာနဲ့တဏှာ လာပါတယ် ဘုရား)။

## လူမိုက်ကတော့

အင်း. . . ဟင်း. . . . အဝိဇ္ဇာတဏှာကလာပြီး အဝိဇ္ဇာ တဏှာပြန်လှည့်တာက ဘယ်သူပါလိမ့်. . . (လူမိုက်ပါဘုရား) အဝိဇ္ဇာတဏှာကလာပြီး ဝိဇ္ဇာအလောဘ ဖြစ်တာ. . . (လူလိမ္မာပါ ဘုရား)။

ဩော်. . . ဒါဖြင့်ဒီနောက်မှာ လာထူးကြတာကိုး (မှန်ပါ့) သဘောကျပလား. . . (မှန်ပါ့ဘုရား)။

ဒီပုဂ္ဂိုလ်ကတော့ ဘယ်လိုဖြစ်မလဲလို့ စဉ်းစား လိုက်တဲ့အခါကျတော့ ဒကာဒကာမတို့. . . အဝိဇ္ဇာတဏှာ ကလာပြီး အဝိဇ္ဇာ, တဏှာပြန်ပြီးပေါက်ပွားပြန်တော့ အဝိဇ္ဇာ, တဏှာဆိုတော့ တဏှာပြီး ဉပါဒါန်၊ ဉပါဒါန်ပြီးကံ၊ မလာပေဘူးလား . . . (လာပါ တယ်ဘုရား)။

ဒီဘက် ဇာတိ,ဇရာ,မရဏ လွတ်ပါ့မလား. . .

(မလွတ်ပါ ဘုရား) အင်း. . . နောက် အနာဂတ်ဘဝကြီး မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

## အနာဂတ်ခန္ဓာပြန်ရတယ်

ဩော်. . . ဒါဖြင့် ဒကာဒကာမတို့ လူမိုက်ကတော့ ဖြင့် အဝိဇ္ဇာ, တဏှာကလာပြီး အဝိဇ္ဇာ, တဏှာပြန့်ပွားတဲ့ အတွက် တတိယခန္ဓာပြန်ရတယ်. . . (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ) ဒါက ပထမကိုး. . . အတိတ် ဘဝ၊ ဒါကပစ္စုပ္ပန်ဘဝ ဒါက အနာဂတ်ဘဝ (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် အဝိဇ္ဇာသင်္ခါရကလာပြီးသကာလ အဝိဇ္ဇာ သင်္ခါရ ပြန်ဖြစ်တဲ့အတွက် ဟိုမှာ အနာဂတ်ခန္ဓာကြီးကို ပြန်မရဘူးလား . . . (ရပါတယ်ဘုရား) အင်း. . . ဒါ့ဘယ်သူပါလိမ့် (လူမိုက်ပါ ဘုရား)။

လူမိုက်တဲ့ လူမိုက်ကတော့ ဒုက္ခထဲကလာပြီး ဒုက္ခပဲ ပြန်ရတယ်. . . (မှန်လှပါ) ရှင်းကြပလား (ရှင်းပါပြီဘုရား) ဒုက္ခထဲကလာပြီး. . . (ဒုက္ခပဲပြန်ရပါတယ်ဘုရား)။

ဒုက္ခပဲ ပြန်ရတယ်ဆိုတော့ သူ့မှာတော့ အလာတုန်း ကတော့ ဒုက္ခထဲက ခန္ဓာဒုက္ခကြီးနဲ့၊ နောက်တစ်ခါ စုတေ

ခနေ သေလွန်ပြန်တော့ ဘာရပြန်သတုံး. . . (ခန္ဓာဒုက္ခပဲ ရပါတယ်ဘုရား)။

ဒီခန္ဓာဒုက္ခက အပါယ်လေးပါး ခန္ဓာလဲဖြစ်နိုင် တယ်၊ နတ်ရွာသုဂတိ ခန္ဓာလဲဖြစ်နိုင်တယ်၊ ဘယ်ခန္ဓာ ဖြစ်ဖြစ် ဘာသစ္စာပါလိမ့်. . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခ သစ္စာကြီးဆိုတာ မသေချာလား. . . (သေချာပါတယ် ဘုရား)

## ဝိဇ္ဇာနဲ့အလောဘဖြစ်တယ်

အေး. . . ဒါ့ကြောင့် လူလိမ္မာကတော့ဖြင့်တဲ့. . . ဒကာ ဒကာမတို့ ဝိဇ္ဇာနဲ့ အလောဘဖြစ်ပြီးသကာလ လာပါတယ်ဆိုတာ အဲဒါ ပညာရှိသူတော်ကောင်းနဲ့ ပေါင်းတဲ့အတွက် ဝိဇ္ဇာနဲ့ အလောဘ ဖြစ်လာပါတယ်. . . (မှန်လှပါဘုရား) ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

ဘာဖြစ်ပါလိမ့်(ဝိဇ္ဇာနဲ့ အလောဘဖြစ်ပါတယ် ဘုရား) ဝိဇ္ဇာနဲ့ အလောဘဖြစ်တယ်ဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဝိဇ္ဇာနဲ့အလောဘ ဖြစ်တဲ့အခါ ကျတော့ ဒကာဒကာမတို့ အလောဘဆိုတာ မလိုချင်မှု၊

လိုချင်မှုချုပ်ကတည်းက နောက်ခန္ဓာတွေ ပေါ်ပါဦးမလား (မပေါ်ပါဘုရား)။

ခန္ဓာဆိုတာ လိုချင်လို့ရတာမဟုတ်လား (မှန်ပါ့) ဒီတဏှာ ဥပါဒါန်တွေနဲ့ စွဲလမ်းလို့ အနာဂတ်ခန္ဓာရတာ သူမိုက်မှာ. . . (မှန်ပါ့ဘုရား)။

လူလိမ္မာမှာတော့ ဝိဇ္ဇာက အမှန်သိပြီ၊ ဒါဒုက္ခသစ္စာ သို့ အလောဘကလဲ ဒါ,ဒုက္ခသစ္စာလို့ မလိုချင်တော့ ဒီဘက် ခန္ဓာပေါ်ဦးမလား. . . (မပေါ်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ လာပုံမှာ တူကြသော်လဲ ဘဲ့. . . သွားပုံမှာ ဘယ့်နှယ့်နေကြသလဲ. . . (မတူပါ ဘုရား)။

လူမိုက်က ဒုက္ခထဲကလာပြီး ဒုက္ခပြန်ရတယ်. . . (မှန်ပါ့) လူလိမ္မာကတော့ဖြင့် ဒကာဒကာမတို့ ဒုက္ခထဲက လာပြီး ဒုက္ခသိမ်းတယ် (မှန်ပါ့) ရှင်းကြပလား(ရှင်းပါပြီ) သူလိမ္မာကတော့ ဘာတဲ့ (ဒုက္ခထဲကလာပြီး ဒုက္ခသိမ်းပါ ဘယ်ဘုရား)။

ဩော်. . . ဒုက္ခထဲကလာပြီး ဒုက္ခသိမ်းတယ်ဆို တော့ သူ့အတွက်ကဖြင့် အင်းဝင့်ကျွတ်သွားတယ်ဆိုရင်လဲ ဦးခင်မောင် (မလွဲပါဘုရား)။

ကဲ. . ဦးဇံရင်တို့ ဘာဖြစ်သွားသလဲ. . . (ဝင့်ကျွတ်သွားပါ တယ်ဘုရား) ဝင့်ကျွတ်တယ်၊ ဝင့်ကျွတ်သွားတယ်ဆိုတော့ ဒကာဒကာမတို့ ခန္ဓာကြီးက ဝိပါကဝင့်ကိုးဗျ. . . (မှန်ပါ့)။

## ဝိပါကဝဋ်

ခန္ဓာကြီးက ဝိပါကဝင့်ဆိုတော့ သူ့ကိုဒကာဒကာမတွေ သိတဲ့အတိုင်း မအိုပါနဲ့ဆိုလို့လဲ (မရပါ) မနာပါနဲ့ဆိုလို့လဲ (မရပါ) သေရာမသွားပါနဲ့ဆိုလို့လဲ (မရပါဘုရား)။

မရတော့ ဒါဝင့်ကောင်ကြီးဖြစ် ပြီး သကာလနေတော့ ဘယ်လိုမှဖြေလို့ ထုတ်လို့မရဘဲ ဖြစ်နေတယ် (မှန်ပါ့) ခန္ဓာရှိတဲ့ ပုဂ္ဂိုလ်ဟာ ဝိပါကဝင့်ချည်း မှတ်လိုက်စမ်းပါ. . . (မှန်ပါ့) ခန္ဓာရှိတဲ့ ပုဂ္ဂိုလ်ဟာ. . . (ဝိပါကဝင့်ပါဘုရား) ဝိပါကဝင့်လို့ သေသေချာချာ မှတ်လိုက်စမ်း. . . (မှန်ပါ့)။

## ကိလေသဝဋ်

သူသာ နောက်ခံလာတော့ ဝိပါကဝင့်မလာဘူးလားဗျာ (လာပါတယ်ဘုရား) လာပေမှာပဲတဲ့ ဒီမှာ တဏှာ,

ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်ကရှိနေတယ်၊ မရှိဘူးလား. . . (ရှိပါတယ်)။

တဏှာ, ဥပါဒါန်ဆိုတော့ ဟောဒီကြားထဲက ကမ္မဝဋ်ကလေးက ရှိနေတယ်၊ သဘောကျပလား. . . (ကျပါပြီ)။

## ကမ္မဝဋ်

အင်း. . . ဟင်. . . သူကတော့ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ကြောင့်. . . (ဝိပါကဝဋ်ဖြစ်ပါတယ်) ဝိပါကဝဋ်သွား ဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်ကတော့ကို . . . တဲ့ဝိဇ္ဇာနဲ့အလောဘရှိတဲ့ အခါကျတော့ ဝိဇ္ဇာနဲ့အလောဘပေါ်နေတဲ့ လူလိမ္မာမှာတော့ ဒကာ ဒကာမတို့ ကိလေသဝဋ် ကလာသေးရဲ့လား . . . (မလာပါ) မလာသောကြောင့် ကမ္မဝဋ်သူကသေတယ် (မှန်ပါ့) ဝိပါကဝဋ်ဆိုတဲ့ ရုပ်နာမ်ကော. . . (မလာပါဘုရား)။

## လူ့လိမ္မာက ဝင့်ကျွတ်တယ်

ဩော်. . . သူကဝင့်ကျွတ်တယ်၊ သဘောကျပလား (ကျပါပြီ) လူလိမ္မာက. . . (ဝင့်ကျွတ်ပါတယ်ဘုရား)။

အဲ. . . လာပုံနည်း တူငြားသော်လဲ ဝင့်ကျွတ်တာနဲ့ ဝင့်မကျွတ်တာ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ကွာတယ် . . . (ကွာပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီနှစ်လမ်း ဘယ်လမ်းလိုက်ရမလဲဆိုတဲ့ဥစ္စာဖြင့် ယနေ့ကွက်ကွက်ကွင်းကွင်း ပေါ်ပါပြီ. . . (ပေါ်ပါပြီဘုရား) ဘယ်လမ်းလိုက်ကြမယ်. . . (ဝင့်ကျွတ်တဲ့လမ်း လိုက်ပါမယ်ဘုရား) ဝင့်ကျွတ်တဲ့ လူလိမ္မာလမ်းကိုပဲ ကျုပ်တို့ကြိုးစား ပြီးသကာလ လိုက်ကြစို့ . . . (လိုက်ပါမယ် ဘုရား)။

## လူလိမ္မာလမ်းလိုက်ကြစို့

ဒါ. . . ပြောမည့်သူရှိလို့ လိုက်ကြစို့ဆိုတာ ခင်ဗျားတို့က တညီတညွတ်တည်း လိုက်ပါမယ်ဘုရားဆိုတာ တက်လာတာနော် . . . (မှန်ပါ) ကိုယ့်မျက်လုံးနဲ့ ကိုယ့်ဉာဏ်နဲ့ဆိုရင်ဖြင့် ဒီဉစ္စာ ဘယ်ဖြတ်လို့ ဘယ်လိုဝင့်ကျွတ်

ပါ့မလဲဆိုတဲ့ဥစ္စာ မောင်ထွန်းလှိုင် မောင်ကို ပေါ်ဖို့ အတော်ခဲယဉ်းတယ်. . . (မှန်ပါ့) မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီအကြောင်းကို မနေ့ကလဲ နားရှင်းပြီးသကာလ ရပြီးသားပုဂ္ဂိုလ်တွေ ဖြစ်နေတဲ့အတွက် ဒီနေ့တော့ဖြင့်တဲ့ ဒကာဒကာမတို့ ဝင့်ဖြတ်ပုံပဲ ပြပါတော့မယ်. . . (မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်လို ဟောလိုက်သတုံးဆိုတဲ့ အခါကျတော့ လူမိုက်မှာတော့ ကွာတဲ့၊ ပြဟ္မစရိယာ အကျင့်ဆိုတဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရောက်ရာရောက်ကြောင်း အကျင့်ကို မကျင့်ဘူးကွတဲ့. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

လူမိုက်ကတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရောက်ရာ ရောက်ကြောင်း သူကျင့်ပါရဲ့လား. . . (မကျင့်ပါဘုရား) မကျင့်တဲ့အတွက် သူ့မှာ နောက်ခန္ဓာ ပြန်ရတယ်ကွ. . . တဲ့ . . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီ) မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရောက်ရာရောက်ကြောင်း အကျင့်မကျင့်တဲ့ အတွက် (နောက်ခန္ဓာပြန်ရပါတယ်ဘုရား)။

နောက်ခန္ဓာပြန်ရတယ်ဆိုတော့ အခုပဋိစ္စသမုပ္ပါဒ်နဲ့ တန်းပြလိုက်တော့ ဒကာဒကာမတွေ မသေချာဘူးလား. . (သေချာပါတယ်ဘုရား)။

## ကိုယ့်ခန္ဓာခင်တာတဏှာ

ခန္ဓာခင်တာက တဏှာ, ကိုယ့်ခန္ဓာခင်တာက တဏှာဆိုတော့ ဥပါဒါန် မလာဘူးလား . . . (လာပါတယ်ဘုရား) ဥပါဒါန်လာရင် ကံလာမယ် (မှန်ပါ့)။

အဲဒါတဏှာ, ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်ကြောင့် ကမ္မဝဋ် ကမ္မဝဋ်ကြောင့် ဒီဝိပါကဝဋ်ကြီး လုလုကြီးမပေါ်သေးဘူးလား. . . (ပေါ်ပါတယ်ဘုရား) ဝိပါကဝဋ်ဆိုတာ အနာဂတ် ခန္ဓာကြီးပြန်ရတယ်၊ မရဘူးလား (ရပါတယ်ဘုရား) သေချာကြပလား. . . (သေချာပါပြီ)။

အဲဒါကြောင့် အားလုံးဘုန်းကြီးတို့ ဒကာဒကာမတွေမှာတဲ့ ဝဋ်တန်းသွားလို့ရှိရင်ဖြင့် ကိုယ်ကျိုးနည်းပေါ့ဆိုတာ အောက်မေ့ပါ. . . (မှန်ပါ့) လူ့ဘဝမရတော့ဘူးဆိုတာလဲ ဆုံးဖြတ်ချက်ချလိုက်ပါ. . . (မှန်ပါ့) ဒီလိုသာတဲန်းသွားရင် လူ့ဘဝရပါ့မလား. . . (မရပါဘုရား)။

လူ့ဘဝရဖို့ရကြောင်း ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟို. . . သံယုတ်ပါဠိတော်ကြီးမှာ ဟောထားတဲ့ ဥစ္စာ သူကိုယ်တိုင် မြင်ပြီးဟောတာနော်. . . ပြောသံကြားနဲ့ ပြောတယ်လို့တော့ ဒီလိုမမှတ်လိုက်ပါနဲ့. . . (မှန်ပါ)

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာသည် တကာ၊ တကာမတို့ ရှေးဘုရားတွေ ပြောသံကြားနဲ့ သူပြောတာလား၊ သူ့ဉာဏ်အမြင်နဲ့ သူပြောတာလား . . . (သူ့အမြင်နဲ့ သူပြောတာပါဘုရား)။

## လူ့ဘဝရဖို့ အင်မတန်ခဲယဉ်းတယ်

အေး. ... သူကိုယ်တိုင် မြင်ပြီးပြောတဲ့အတွက် ထမ်းပိုးတုံးကြီး တစ်ပေါက်တည်းဖောက်၊ ထွန်တံကလေးနဲ့ ခွဲပြီးသကာလ ရေထဲမျှောလိုက် ဒကာဒကာမတို့ အနှစ်တစ်ရာ, တစ်ရာမှ တစ်ခါပေါ်တဲ့ လိပ်ကန်းကြီးနဲ့ ဒီထမ်းပိုးတုံးကြီးအပေါက်နဲ့ လျှိုမိဖို့ရာ ဘယ့်နှယ်နေကြသတုံး (ခဲယဉ်းပါတယ်ဘုရား)။

အဲဒါ လျှိုမိဖို့ရာ ရှိသေးသကွာ၊ လိပ်ကန်းကြီးနဲ့ ထမ်းပိုးပေါက်နဲ့ လျှိုမိဖို့ရာက ရှိသေးတယ်တဲ့၊ မင်းတို့ လူ့ဘဝ ဒီထက်ရခဲပါသေးတယ်ဆိုတာလဲ သေချာကြပလား (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ နောက်ကိုဘာမှ မျှော်မနေနဲ့ လူ့ဘဝရဖို့ အင်မတန် ခဲယဉ်းတဲ့အတွက် မဂ္ဂဖြဟု

စရိယာအကျင့် ကျင့်ကြပါစို့နော် (မှန်ပါ့) ဘယ်လို ဆုံးဖြတ်ချက်ချမလဲ. . . (မဂ္ဂဗြဟ္မစရိယာအကျင့်, ကျင့်ကြပါစို့ရဲ့)။

## မဂ္ဂဗြဟ္မစရိယာအကျင့် ကျင့်ကြပါစို့

မဂ္ဂဗြဟ္မစရိယာအကျင့် ကျင့်ကြပါစို့ ဆိုတော့ ဩော်, . . ဒါတွေသူပဲ ကယ်မည့်, ယူမည့်သူ ရှိပါတော့ ကလားဆိုတာကော ပေါ်လာကြပလား. . . (ပေါ်လာပြီဘုရား) ဘယ်အကျင့်ပါလိမ့် (မဂ္ဂဗြဟ္မစရိယာ အကျင့်ပါဘုရား)။

မဂ္ဂဗြဟ္မစရိယာအကျင့်သာ လျှင် ကျုပ်တို့၏ ကိုးစားရာ အားထားရာအစစ် ဖြစ်တော့တယ်ဆိုတာဖြင့် ဘာမှသံသယ မရှိပါနဲ့တော့နော်. . . (မှန်လှပါ)။

ဒါ့ကြောင့် ခင်ဗျားတို့ သားကလေးနဲ့ ပျော်တာကို ဘုန်းကြီးတို့က ခင်ဗျားတို့အတွက် ဝမ်းသာပါတယ်၊ သမီးကလေးနဲ့ပျော်နေတာ၊ လခစားတွေမို့ လခနဲ့ပျော်နေတာလဲ ဝမ်းသာပါတယ်၊ ချမ်းသာနေတဲ့ ဗုဂ္ဂိုလ်တွေကြည့်လိုက်ပြန်လဲ မုဒိတာလဲဖြစ်ပါတယ်၊ မုဒိတာဆိုတာ ဝမ်းသာတာပေါ့ဗျာ(မှန်ပါ့)။

ဩော်. . . သို့သော်လဲ သူကို့လိုချင်တဲ့ နိဗ္ဗာန် လိုပါ

သေးကလား. . . (မှန်ပါ့) ဘယ်လိုတွေးရမယ် (လိုချင်တဲ့ နိဗ္ဗာန်ကို လိုပါသေးကလားပါဘုရား)။

## မသိပျော်ပျော်နေတယ်

ဩော်. . . သူတို့သည်ကားလို့ဆိုရင် မသိပျော်, ပျော်နေသေးတာကိုး . . . (မှန်ပါ့) မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ် ဘုရား)။

ဝမ်းထဲမှာရှိတဲ့ ဟာဒယဝတ္ထုပေါ် လုပ်နေတဲ့ အကုသိုလ်စိတ်တွေကတော့ဖြင့် ငရဲအိုးတည်လို့ ငရဲမီးတဟုန်းဟုန်း လုပ်နေတာ၊ အဲဒါပြန်ကြည့် မသိရှာဘူး . . . (မှန်ပါ့)။

သားရေး, သမီးရေးနဲ့ ပျော်လိုက်၊ ပစ္စည်းကလေးရလိုက် ပျော်လိုက်၊ ဒီလိုနေမယ်ဆိုလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အရူးလိုဖြစ်နေတယ် (မှန်ပါ့) မဟုတ်ဘူးလား. . . (မှန်ပါ့ဘုရား) ဘယ်လိုဆိုကြမယ်. . . (အရူးလိုဖြစ်နေပါတယ် ဘုရား)။

အကျိုးပေးကတော့ဖြင့် ဝမ်းထဲမှာရှိတာတွေက မကောင်းတာ အကျိုးပေးမယ်လို့ အဆင်သင့် စောင့်နေ

လျက်သားနဲ့ ကိုယ့်မှာ မသိပျော်, ပျော်နေတဲ့ အခိပ္ပါယ် မရဘူးလား (ရပါတယ်ဘုရား)။

အင်း. . . ဟုတ်. . . နက်ဖြန် ၁၂နာရီ ၅မိနစ်မှာ အကျိုးပေးမယ်ဆိုတဲ့ဥစ္စာ ဒီလက ၁၂နာရီ ၅မိနစ်မရောက်ခင် ပျော်နေလို့ရှိရင် ရှုးလို့ပျော်တာ ဖြစ်ပါလိမ့်မယ်. . . (မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

၁၂နာရီအတွင်းမှာ ပျော်နေနိုင်သေးတယ်ဆိုရင် ဦးခင်မောင်ရေ . . . ဘာ့ကြောင့် ပျော်ပါသလဲ (ရှုးလို့ပျော်တာပါ) ဒီကလူ သေချာပြီးသား မဟုတ်လား . . . (မှန်ပါ့)။

## ငယ်ငယ်တုန်းက မိုက်ခဲ့တာတွေ

ဒီမှာလဲ ဝမ်းထဲမှာငယ်ငယ်တုန်းက မိုက်ထားတဲ့ အကုသိုလ် ကိလေသာတွေက အင်း. . . ဟင်. . . ထမင်းစားတယ်ဆိုရင် တဏှာ ဥပါဒါန်, ကံမျက်လုံးကမြင်မယ် မဟုတ်လားဗျာ (မှန်ပါ့) မြင်တယ်ဆိုရင် မနှစ်သက်ဘူးလား. . . (နှစ်သက်ပါတယ်) နှစ်သက်တယ်ဆိုရင် ဒီဇာတ်ထုပ် စွဲလမ်းမနေဘူးလား (စွဲလမ်းပါတယ်ဘုရား) စွဲလမ်းလို့ရှိရင်ဖြင့် ဒီကုလားထိုင်တက်ကြည့်၊ ဒီအတန်း

တက်ကြည့်၊ ဟိုအတန်းတက်ကြည့်လိုက်ဆိုတဲ့ ကာ့ယက်ဝစီကံတွေကကော. . . (လာပါတယ် ဘုရား)။

ဒါတွေက နည်းသလားဗျာ. . . (မနည်းပါဘုရား) အဲဒါတွေက ဒကာ၊ ဒကာမတို့ ဒီအထဲမှာ လွတ်တဲ့ပုဂ္ဂိုလ်က ရှာမှရှားနေလိမ့်မယ်. . . (ရှားပါတယ်ဘုရား)။

## ဒီကံတွေကဘယ်လိုအကျိုးပေးမှာတုံး

အဲဒါတွေက ဒီကံတွေက ဘယ်အကျိုးပေးမှာတုံးလို့ တစ်ခါ မေးပြန်တော့ အပါယ်လေးပါးပဲ. . . (မှန်ပါဘုရား) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား) ဒီကနေပြီး တည်ဆောက်တဲ့ အပါယ်လေးပါးဆိုတာ ယုံပလား. . . (ယုံပါပြီ)။

ဒါဖြင့် ဒီကနေ ငြိမ်းနေကြပါစို့ ဒကာ၊ ဒကာမတို့၊ ကြွေးမရှိတဲ့ ပုဂ္ဂိုလ်တွေလား. . . ကြွေးရှိတဲ့ ပုဂ္ဂိုလ်တွေလား. . . (ကြွေးရှိတဲ့ ပုဂ္ဂိုလ်တွေပါဘုရား)။

ဟာ. . . ကြွေးရှိတဲ့ ပုဂ္ဂိုလ်တွေ ဒီကနေ မဂ်နဲ့မှ မဖြတ်ဘူးဆိုလို့ရှိရင် ခင်ဗျားတို့ ကြွေးရှိသလောက် ခံရမယ် ဆိုလို့ရှိရင်လဲ လွတ်ရေး. . . ကျွတ်ရေး မြင်သေးရဲ့လား . . . (မမြင်ပါဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတို့ သေသေချာချာပဲ ခင်ဗျားတို့ ပျော်တာ မကြည်ညိုလို့ မဟုတ်ပါဘူး၊ ချမ်းသာတာတွေကို မစွဲရိယရှိလို့ မဟုတ်ပါဘူး၊ မသိပျော်, ပျော်နေမှာစိုးလို့ ဒီစကားပြောရပါတယ် (မှန်လှပါဘုရား) ဘယ့်နှယ့်ကြောင့် ဒီတရားဟောပါလိမ့်. . . (မသိပျော်, ပျော်နေမှာစိုးလို့ပါ)။

မသိပျော်, ပျော်နေမှာစိုးလို့ ခင်ဗျားတို့ကတော့ ပြောလိုက်တဲ့စကားကတော့ ဟုန်နေတာပဲ၊ မကင်းတရားကလေးက ရှိသေးတယ်ဘုရား၊ မကောင်းတာကလေးက ရှိသေးတယ်ဘုရား။ ဒါပဲ ဆင်ခြင်လဲ နေတာပဲ၊ ဒကာ၊ ဒကာမတွေလဲတဲ့ ဆင်ခြေ ဒါပဲမဟုတ်လား. . . (မှန်ပါ့ဘုရား)။

မကင်းတရားကလေးက ရှိသေးတယ်၊ မြေးကလေးဖြစ်စေ၊ သားကလေးဖြစ်စေ၊ မကင်းတရားကလေးက ရှိနေတော့ တပည့်တော် သူတော်ကောင်းအလုပ် လုပ်မယ်လို့ ရည်ရွယ်ချက်က ရှိပြီးသား မကင်းတရားကလေး ဟော. . . လူလားမမြောက်တာကလေးဟာ ရှုပ်လို့ သူတို့ဟာ . . . (မှန်ပါ့ဘုရား)။

## ငရဲအိုးတွေက ဆူလှုပြီ

သူကသာ လူသားမမြောက်တာ အပါယ်အိုးတွေ ငရဲအိုးတွေက ဆူလှုပြီ. . . (မှန်ပါ့) သူ့ကလူလားမမြောက်ဘူး ပြောတုန်းရှိသေးတယ်. . . (မှန်ပါ့)။

ဦးခင်မောင် ဘယ့်နှယ်ဖြစ်နေတာတုံး၊ အိုထွက်မိထွက်ရာ ထွက်နေတဲ့ ပါ-စပ်ပါပဲဆိုရင်ကော လွဲပါ့မလား. . . (မလွဲပါဘုရား) ကဲ. . . သဘောပါကြပလား (ပါ, ပါပြီဘုရား) ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ မဲဂ္ဂပြဟ္မစရိယာ အကျင့်မှုတစ်ပါး ဘုရားဟော ပါဠိတော်ကဖြင့် ကယ်မည့်သူ ယူမည့်သူများ ရှိသေးသလား. . . (မရှိပါဘုရား)။

**ဒါဖြင့် ဘာလုပ်ကြရမယ် (မဂ္ဂပြဟ္မာစရိယာအကျင့်၊ ကျင့်ရပါမယ်ဘုရား) မဂ္ဂပြဟ္မစရိယာ အကျင့်, ကျင့်ရတော့မယ် ဒကာ၊ ဒကာမတို့ မင်လဲ ဖြစ်ရမယ်၊ ပြဟ္မာစရိယာမြတ်တဲ့အကျင့်လဲ ဖြစ်ရမယ်ဆိုတာ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။**

**ကိုင်း. . .** ဒါဖြင့် မဂ္ဂပြဟ္မစရိယာ အကျင့်ဆိုတာက ဒကာ၊ ဒကာမတို့ တခြားကို စိတ်ကူးမနေပါနဲ့၊ တခြားကို ဘာမှစိတ်ကူးမနေနဲ့၊ ဒီအဝိဇ္ဇာသင်္ခါရကြောင့်ဖြစ်တဲ့ ခန္ဓ

ငါးပါး မရှိဘူးလား. . . (ရှိပါတယ် ဘုရား) ဒီခန္ဓာငါးပါး ဟာ ဒကာ၊ ဒကာမတို့ မဂ္ဂပြဟ္မစရိယာ အကျင့်, ကျင့်ဖို့ရာ နေရာဌာနတစ်ခုပဲလို့ မှတ်ပါ၊ မဂ္ဂပြဟ္မစရိယာအကျင့်, ကျင့်ဖို့ရာ (နေရာဌာနတစ်ခုပါ ဘုရား)။

## မဂ္ဂင်ငါးပါးနဲ့ ခန္ဓာကိုကြည့်ပါ

ကိုင်း. . . ဒါဖြင့် မဂ္ဂပြဟ္မစရိယာအကျင့်, ကျင့်ဖို့ရာ နေရာ ဌာနဆိုတော့ ဒီခန္ဓာငါးပါးကို ဒကာ၊ ဒကာမတွေက မဂ္ဂပြဟ္မစရိယာဖြစ်တဲ့ မဂ္ဂင်နဲ့ ခင်ဗျားတို့ ကြည့်ရလိမ့်မယ်၊ မဂ္ဂင်ငါးပါးနဲ့ ဒီခန္ဓာကြည့်ရ လိမ့်မယ်နော် (မှန်ပါ့) မဂ္ဂင် ငါးပါးနဲ့ ရှုထားတဲ့ ခန္ဓာကြီးကို ကြည့်ရလိမ့်မယ်နော်. . . (မှန်ပါ့ဘုရား)။

မဂ္ဂင်ငါးပါးနဲ့ ဘာကြည့်ရမယ်. . . (ရှုထားတဲ့ ခန္ဓာကြီး. ကြည့်ရပါမယ်) အဲ. . . ရှုထားတဲ့ ခန္ဓာကြီးကို ဘုရားပေးတဲ့ မျက်လုံးနဲ့ ဆရာပေးတဲ့ မျက်လုံးနဲ့ ခင်ဗျားတို့ ထိုးထိုးထွင်းထွင်း ကြည့်ပေးပါ. . . (မှန်ပါ့ဘုရား)။

ထိုးထိုးထွင်းထွင်း ကြည့်ပေးရင်လဲ အကြည့်မှန် ရင်. . . (မဂ္ဂပြဟ္မစရိယာ ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ အရေးကြီးတာကလဲ ဘုရားသခင် တစ်ဆူပေါ်မှ ဒီမျက်မှန် တစ်ခါတစ်ခါရကြတာ ဖြစ်နေတော့ ခင်ဗျားတို့ သေသေချာချာ ကြည့်ပါဆိုတဲ့ ဥစ္စာကိုလဲ တိုက်တွန်းရပြန်တယ် (မှန်ပါ့ဘုရား) မလွယ်ဘူးနော် (မလွယ်ပါ)။

ခင်ဗျားတို့ အခုဖြစ်နေတဲ့ အခြေအနေက ခန္ဓာကိုယ်ကြီးက အနိစ္စခန္ဓာကိုယ်ဆိုတာ ပါးစပ်ပြော ဟုတ်ပါရဲ့၊ အမြင်တော့ မမြင်ဘူး . . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီ)။

ခန္ဓာကိုယ်ကြီးက အနိစ္စခန္ဓာကိုယ်ကြီးတွေလို လူတိုင်းပြောကြပါတယ်. . . (မှန်ပါ့) ဒုက္ခခန္ဓာကိုယ်ကြီးကွလို့ကော (ပြောပါတယ် ဘုရား) အနတ္တခန္ဓာကိုယ်ကြီးကွလို့ကော. . . (ပြောပါတယ်ဘုရား)။

**လူတိုင်းတော့ ပြောပါကလား. . . ၊ အင်း. . . ပြောသံကြားနဲ့ ပြောတာလား၊ ကိုယ့်အမြင်နဲ့ ပြောတာလား၊ (ပြောသံကြားနဲ့ ပြောတာပါဘုရား)။**

## ကိုယ်တိုင်မြင်မှ နိဗ္ဗာန်ရောက်မယ်

ဪ. . . ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ တဲ့၊ ပြောသံကြားနဲ့ ပြောတာသည် တစ်ဆင့်ကြားနဲ့ ပြောတာသည် နိဗ္ဗာန် မရောက်ဘူးကွတဲ့. . . (မှန်ပါ့ဘုရား) ဘယ့်နှယ်တဲ့. . . (တစ်ဆင့်ကြားနဲ့ပြောတာ နိဗ္ဗာန်မရောက်ပါဘုရား)။

နို့. . . ဘာမှ ရောက်မှာတုံးဆိုတော့ ကိုယ်တိုင်မြင်မှ ရောက် မယ်. . . (မှန်ပါ့ဘုရား) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား) တစ်ဆင့်ကြားနဲ့ သိနေတာက . . . (နိဗ္ဗာန်မရောက်ပါဘုရား) ကိုယ်တိုင်မြင်ရင် (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် ကိုယ်တိုင်မြင်အောင် ကြိုးစားလိုက်လို့ရှိရင်ဖြင့် ကိစ္စပြီးပါတယ်ဆိုတာကော ရှင်းလင်းမသွားသေးဘူးလား. . . (သွားပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် မိဘပေးတဲ့ မျက်လုံးအသာထားပြီးသကာလ ဘုရားပေးတဲ့ မျက်လုံး၊ ဆရာပေးတဲ့မျက်လုံးကို တပ်ကြည့်ရမယ် . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မိဘပေးတဲ့ မျက်လုံး ပြောသံကြားမျက်လုံးတွေ ဘာလုပ်ရမယ်. . . (ဖယ်ထားရပါမယ်ဘုရား) သေသေ ချာချာ ဖယ်ထားဆိုတာကော သဘောပါကြပလား. . . (ပါ, ပါပြီဘုရား)။

**ဘုရားပေးတဲ့မျက်လုံးတပ်ကြည့်ရမယ်**

ဘုရားပေးတဲ့မျက်လုံး, ဆရာပေးတဲ့မျက်လုံး. . . (တပ်ရပါ မယ်ဘုရား) အဲ. . . တပ်ကြည့်ရလိမ့်မယ်ဆိုတော့ အဲဒီကျမှ စက္ခုံဥဒပါဒိဖြစ်မှာကိုး. . . (မှန်ပါ့)။

စက္ခုံ - ပညာမျက်လုံးသည် ဥဒပါဒိ = ဖြစ်လာ၏၊ အရှင် ကောဏ္ဍညချီးမွမ်းတာဟာ နဂိုတုန်းက မိဘမျက်လုံး ချီးမွမ်းတာလား . . . အခုမှ မျက်လုံးရတယ်လို့ ပြောတာ လား (အခုမှ မျက်လုံးရတယ်လို့ ပြောတာပါဘုရား)။

ဪ. . . အခုမှ မျက်လုံးရတယ်လို့ ပြောတော့ မောင်ကိုရေ ဒီမျက်လုံးမှ မျက်လုံးအစစ်ပါကလား (မှန်ပါ့) ဘယ်လိုဆိုကြပါမယ် . . . (ဒီမျက်လုံးမှ မျက်လုံးအစစ်ပါ ဘုရား)။

စက္ခုံဥဒပါဒိဆိုတော့မှ စက္ခုံဆိုတာလဲ ဘာတုံး မေးတဲ့ အခါကျတော့ မသိမှာစိုးလို့ ဉာဏံဥဒပါဒိ ဉာဏ်

မျက်စိကွတဲ့. . . (မှန်ပါ့ ဘုရား) ဒကာ၊ ဒကာမတွေဘာလဲ (ဉာဏ်မျက်စိပါဘုရား)။

## ဉာဏ်မျက်စိတပ်ပြီး ခန္ဓာကြည့်

ကိုင်း. . . ဒါဖြင့် ယနေ့ ဒကာ၊ ဒကာမတွေ ဉာဏ်မျက်စိတပ်ပြီး ဒီခန္ဓာတော့ ကြည့်ရတော့မယ်. . . (မှန်ပါ့ဘုရား) ဘာကြည့်ရမယ် (ဉာဏ်မျက်စိတပ်ပြီး ဒီခန္ဓာကြည့်ရပါမယ်ဘုရား)။

အဲဒီကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အညာသိ ကောဏ္ဍညော၊ ကောဏ္ဍညော ကောဏ္ဍညသည်၊ အညာသိ - သစ္စာတရား သိသွားပြီကွ၊ ပကတိမျက်လုံး မဟုတ်တော့ဘူး၊ ပညာမျက်လုံးနဲ့ ခန္ဓာသိသွားပြီကွ၊ ခန္ဓာအဆုံး နိဗ္ဗာန်ကိုလဲ သိသွားပြီကွ၊ မပြောဘူးလား (ပြောပါတယ်ဘုရား)။

အဲဒီတော့ ဒကာ၊ ဒကာမတို့ ဒီခန္ဓာကြီးက ဘာမျက်လုံးနဲ့ ကြည့်ရမယ်. . . (ဉာဏ်မျက်လုံးနဲ့ပါဘုရား) ဉာဏ်မျက်လုံးနဲ့ ကြည့် ရမယ်ဆိုတာ သဘောပါပလား. . . (ပါ၊ ပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ဉာဏ်မျက်လုံးနဲ့ မကြည့်တာကတော့ အင်း. . . ချောလိုက်တာ, လှလိုက်တာ, ဝလိုက်တာ၊ အင်း. . . အခုပဲ တစ်မျိုးတစ်ဖုံပဲ ကြည့်ကောင်းပြန်တယ်၊ အခု နည်းနည်းကျသွားတယ်၊ ဒါက ဒကာ၊ ဒကာမတို့ ဉာဏ်မျက်လုံး မဟုတ်ဘူးနော်. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## ဉာဏ်မျက်လုံးက ဘာ့ပါလိမ့်

ဉာဏ်မျက်လုံးကတော့ ဘာပါလိမ့်တုံးဆိုတဲ့ အခါကျလို့ရှိရင် ဒီအထဲမှာ ဘာမှမရှိဘူး၊ အနိစ္စနဲ့ ဒုက္ခသစ္စာပဲရှိတယ်လို့ မြင်တာမှ ဉာဏ်မျက်လုံး (မှန်ပါ့ဘုရား) အနိစ္စနဲ့ ဒုက္ခသစ္စာပဲ ရှိတယ်လို့ သိပါမှ ဘာမျက်လုံးပါလိမ့်. . . (ဉာဏ်မျက်လုံးပါဘုရား)။

အဲဒီတော့ အနိစ္စနဲ့ ဒုက္ခသစ္စာကိုသိပါမှ သစ္စာမြင်မှ ဒီက ဉာဏ်မျက်လုံးဖြစ်မယ် (မှန်ပါ့ဘုရား) နောက်ကျတော့ ဒကာ၊ ဒကာမတို့ သစ္စာမြင်မှုဟာ အင်မတန် အရေးကြီးတော့တယ်ဆိုတာလဲ ပေါ်ကြပလား. . . (ပေါ်လာပါပြီဘုရား)။

ဒါမြင်လို့ရှိရင် တစ်ခါတည်း မြင်လိုက်ပါ၊ တစ်ခါ

တည်း မဂ္ဂင်ရှစ်ပါးဖြစ်ပြီးသကာလ ခင်ဗျားတို့လုပ်ထားတဲ့ အကုသိုလ်တွေ အကုန်အကြွေးဆပ်တယ်. . . (မှန်ပါ) အကုသိုလ်တွေ အကုန်ပြောင်ရော . . . (မှန်ပါ)။

အပါယ်လေးပါးသွားမည့် အကုသိုလ်တွေ ဘယ့်နှယ်ဆိုကြမလဲ. . . (ပြောင်သွားပါတယ်ဘုရား) လူဖြစ်ဖို့၊ နတ်ဖြစ်ဖို့ ကံတွေကော. . . (ပြောင်ပါတယ်ဘုရား)။

## ဉာဏ်မျက်လုံးဟာ ကယ်မည့်မျက်လုံး

အကုန် ပြောင်ရပါတယ်ဆိုတော့ မြော်. . . ဉာဏ်မျက်လုံးဟာ ကယ်မည့်မျက်လုံးပါကလား (မှန်ပါ့ဘုရား) ဘယ့်နှယ်ဆိုကြမယ် (ဉာဏ်မျက်လုံးဟာ ကယ်မည့်မျက်လုံးပါဘုရား)။

ဒါဖြင့် ဉာဏ်မျက်လုံးကို ဘုရားကမပေး၊ ဘုန်းကြီးတို့က မပေးလို့ရှိရင် ခင်ဗျားတို့ဖြင့် ကယ်မည့်၊ ယူမည့်သူ ကင်းမဲ့နေတော့ တယ်ဆိုရင် လွဲပါ့မလား. . . (မလွဲပါဘုရား)။

ဒါဖြင့် ဒီဉာဏ်မျက်လုံးကို အရေးတကြီးဟောဖို့ မလိုဘူးလား (လိုပါတယ်ဘုရား) ခင်ဗျားတို့က အရေးတကြီး လုပ်ဖို့ကော. . (လိုပါတယ်ဘုရား)။

လိုလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ဘုန်းကြီးကလဲ အရေးတကြီး ပြောပါ့မယ်၊ ဒကာ၊ ဒကာမတွေကလဲ ကြွေးစလပွေနဲ့နေတဲ့ ဒကာ၊ ဒကာမတွေ ခန္ဓာနဲ့ အပါယ်ငရဲချရမှာ ဖြစ်နေတော့ မချလို့ရှိရင် ဒီဉာဏ်မျက်လုံးကိုဖြင့် ကိုယ်တိုင်ပဲ လုပ်ယူပါတော့မယ်ဆိုတာ ခင်ဗျားတို့ကလဲ သတိထား (မှန်ပါ့) ထားနိုင်ပါ့မလား. . . (ထားနိုင်ပါတယ် ဘုရား)။

ဘုန်းကြီးကလဲမရ, ရအောင် ပေးလိမ့်မယ်ဆိုတဲ့ စေတနာနဲ့ ရှိပြီးသားဆိုတာလဲ ခင်ဗျားတို့ အထူးပြောဖို့ မလိုပါဘူး. . . (မလိုပါ ဘုရား) သဘောကျပလား. . . (ကျပါပြီ)။

အဲဒါ နက်ဖြန်ကျမှ ပေးမယ်၊ ဒီနေ့တော့ နာရီစေ့ပြီ တော်ကြဦးစို့။

သာဓု၊ သာဓု၊ သာဓု

* * * * *